# ဘန်းစကား

## အနက်အဓိပ္ပာယ်

မြန်မာစာကျမ်းပြု ဆရာကြီး လှသမိန် ရေးသားပြုစုထားသော

မြန်မာ

# ဘန်းစကား

## အဓိပ္ပာယ်နှင့်သုံးနည်း

{ဒုတိယအကြိမ်ထုတ်}

မှ

ပြန်လည်၍ ကောက်နုတ်ဖော်ပြထားပါသည်

**ခွင့်ပန်လွှာ**

မြန်မာစာပေ၊ ပြန့်ပွားစေဟု၊ စေတနာသက်တန့်၊ ဖြန့်ကာလင့်လျှက်၊ စာပေအစုစု၊ ပညာရှင်တို့၊ ဖော်ပြအပ်ထား၊ ကျမ်းစာများစွာ၊ ကိုးကားယူငင်၊ ဖော်ပြအပ်သည်၊ ကျွန်ုပ်ခွင့်ပန်၊ တောင်းခံပါ၏၊ ဂုဏ်ကျေးဇူးကို၊ နောင်တွင်မမေ့၊ သမိုင်းတင်ရစ်ပေ၊ နောင်လာနောင်သား၊ အကျိုးများစွာ၊ ဖြစ်ထွန်းလျှက်ကို။

**{ဇောင်း}**

**15.3.2010**

## ကညာစစ်သည်
(နေးကွေးလေးလံစွာပြုခြင်း)

အပျိုစင် မိန်းကလေးများသည် ရဲတင်းဖျတ်လတ်ခြင်း နည်းပါး၍ မရဲတရဲ မဝံ့တဝံ့နှင့် ရှက်စနိုးအမူအရာဖြင့် နေးကွေးဇာချဲ့၍ ပြုမူလှုပ်ရှားတတ်ကြသည်ဖြစ်ရာ တစ်စုံတစ်ရာကိုနှေးကွေးလေးလံစွာကန္တဲ့ကလျလှုပ်ရှား ဆောင်ရွက်နေသူအား အပျိုစင်ကလေးကဲ့သို့ ပြုလုပ်နေလေရော့သလားဟု အပြစ်တင်သောအားဖြင့် အပျိုစစ်ကျနေသည်၊ ကညာစစ်နေသည် စသည်ဖြင့်တင်စားပြောဆိုကြသည်။

------------X------------

## ကလီကမာလုပ်သည်
(ဗလောင်းဗလဲ ကပြောင်းကပြန်လုပ်သည်)

မတည်မတန့် အပြောင်းအလဲများသည်။ မရိုးမသား လိမ်လည်သည်။

------------X------------

## ကလိန်စေ့ ငြမ်းဆင်သည်
(မဖြစ်နိုင်သည်ကို လုပ်ကြံသည်)

ကလိန်မှ ကလိန်သီး၏အစေ့သည် ပြောင်ချော၍ နေလေသည်။ ထိုကလိန်စေ့ကို တစ်စေ့ပေါ်တွင် တစ်စေ့ချောမကျအောင် ဆင့်တင်ရန် ခက်ခဲလှပေသည်။ ထိုသို့ မဖြစ်နိုင်ဘဲလျက် အလွန်မြင့်သော လူတက်ရောက်စရာ ငြမ်းအဖြစ်ဆင်သည်ဟုဆိုသည်မှာ အလွန့်လွန် မဖြစ်နိုင်သော အလုပ်တစ်ခုကို လုပ်နေကြောင်း လေးနက်အောင် ပမာပြုခြင်းပင် ဖြစ်ပါသည်။ ထို့ကြောင့် မဖြစ်နိုင်သည်ကပြုလုပ်သည်ဖြစ်စေ၊ ပြောသည်ဖြစ်စေ တင်စားသုံးသည်။ သို့ရာတွင် "ကလိမ်" ဟူသောအသံနှင့် "ဆင်"ဟူသောအသုံးကိုစွဲ၍ "လိမ်လည်၍ ဥာဏ်ဆင်သည်"ဟူ၍လည်း အမှတ်ထားကာသုံးကြသည်။ မဟုတ်နိုင်သည်ကို အဟုတ်လုပ်၍ ပြောခြင်းကို ချေဆိုခိုင်းနှိုင်းရာ၌မူကား မူလအဓိပ္ပာယ်အရလည်း ဆီဆိုင်ပေသည်။

------------X------------

## ကျမ်းရွက်သည်
(ကျိန်ဆိုသည်)

ရုံးပြင်ကနား အမှုစစ်ခံရာတွင် အမှန်အကန်ပြောဆိုပါမည်ဟု ကျိန်စာများ ရေးသားထားသော ကျမ်းထုပ်ကိုထိပ်တွင် မြှောက်ကိုင်ကာ ကျိန်စာဆိုသည်ကို တင်စားသုံးသည်။ ပကတိကျမ်းထုပ်ရွက်သည်ကိုလည်းဆိုသည်။ ကိုယ်ရောင်ပြသည် မိမိကိုယ်ကို သူတစ်ပါး မြင်စေလိုသူတို့ တွေ့မြင်စေရန်ရည်ရွက်ချက်ဖြင့် မြင်သာအောင် ပြုခြင်းကိုစွဲ၍ တစ်စုံတစ်ရာအကြောင်းကိစ္စကိုသူတစ်ပါး အရိပ်အခြည်သိအောင် မသိမသာ ပြသပေးရာတွင်တင်စား၍ သုံးသည်။

------------X------------

## ကြိုးကိုင်သည်
(ဩဇာပေး၍ စေစားထိန်းကိုင်သည်)

ရုပ်သေးကပြသည့်အခါတွင် ရုပ်သေးရုပ်သေးများကိုလိုသလို လှုပ်ရှားစေရန် အရုပ်ကြိုးကို ကိုင်၍ စေစားလှုပ်ရှားပေးရသည်ဖြစ်ရာ စေစား၍ လိုရာပြုပြင်ပေးနေသောအခါ ကြိုးကိုင်သည်ဟုပင် တင်စား၍သုံးနှုန်းကြသည်။

------------X------------

## ကြိုးဆွဲသည်
(သူတစ်ပါးကို ခြယ်လှယ်သည်)

ဤစကားမှာ ရုပ်သေးပွဲတွင် ရုပ်သေးရုပ်ကလေးများကို လှုပ်ရှားစေရန် အရုပ်ကြိုးကိုကိုင်၍ လိုသလို ဆွဲပေးရသည်ဖြစ်ရာ လည်းကောင်းကို ပမာပြု၍ တစ်တစ်ဦးအား မိမိအလိုကျ ပြုမူစေရန် ချယ်လှယ်စီမံခြင်းမျိုး၊ ဩဇာအာဏာလွှမ်းမိုးခြင်းမျိုးတို့ကို ကြိုးဆွဲသည်ဟူ ဆိုကြသည်။

------------X------------

## ကာလနဂါး

(အအိပ်ကြီးသောသူ)

မြတ်စွာဘုရားသည် သဗ္ဗညုတဉာဏ်တော်ကို ရပြီးနောက်နေရဥ္စရာမြစ်တွင် ဃနာနို့ဆွမ်းကို ဘုဉ်းပေးပြီးသော် ရွှေခွက်ကို မျှောတော်မူရာ ရှေးဘုရားရှင်တို့၏ ရွှေခွက်တို့မြှုပ်ရာအရပ်သို့ ရောက် လျှင် ရွှေခွက်နစ်၍ ရှေးရေခွက်တို့နှင့် ထိလျက် အသံမြည်လေသည်။ ထိုအသံကို အိပ်ပျော်နေသော ကာလနဂါးနိုး၍ ကြားလေသော် "ဩော်ဘုရားတစ်ဆူ ပွင့်ပြန်လေပြီ"ဟု ဆိုမြည်လေသည်။ ကလာနဂါးသည် ဘုဂ္ဂားတစ်ဆူပွင့်မှ တစ်ကြိမ်နိုးသည် ဆို၏။ ထိုနဂါးကိုစွဲ၍ အိပ်ရေးကြီးသူ၊ အအိပ်စုံမက်သူတို့အား တင်စား၍ ခေါ်သည်။

------------X------------

## ကာတစ်

(မိန်းမတင်ဆုံ)

ကာတစ်မှာ မန္တလေးမြို့ ဘီလမ်းရှိ ဘယဆေးဆိုင်တစ်ဆိုင် အမည် ဖြစ်သည်။ ထိုဆိုင်မှာ စစ်မဖြစ်မီကာလပင်ရှိခဲ့၍ ပိုင်ရှင်၏ အမည်ဖြင့် ကာတစ်ဆေးတတိုက်ဟု ခေါ်ဝေါ်၍ ဆေးတိုက်အမှတ်တံဆိတ်မှာ ဆေးထောင်းသောဆုံတွင် ကျည်ပွေ့စိုက်ထားသောပုံ ဖြစ်လေသည်။ ကာတစ်ဟုသောအမည်ကို ကြားသိတိုင်း ဆုံတံဆိတ်ကိုလည်းတွဲလျက် သိကြပြီး ဖြစ်လေသည်။ ထိုကြောင့် ကာလသားများက မိန်းမပျို၏ တင်ပါးဆုံကို သွယ်ဝိုက်သောစကားပုက်ဖြင့် တင်စား၍"ဆုံ" အစား "ကာတစ်"ဟုပင် ခေါ်ဝေါ်ပြောဆိုသုံးနှုန်းကြရာမှ ထိုစကားမှာအရပ်ရပ်သို့ ပျံ့နှံ့တွင်ကျယ်၍ ဘန်းစကားတစ်ရပ် ဖြစ်တည်လာခဲ့သည်။

------------X------------

## ဆလံတိုက်သည်

(အလေးပြုသည်၊ အလျှော့ပေးသည်)

အူရဒူစကား၌ အလေးပြု ဦးတိုက်သည်ဟူသော အဓိပ္ပာယ်ဖြင့်ဆလံဟုဆိုသည်ကို မြန်မာတို့က ဆလံတင်သည်၊ အလံပေးသည်၊ ဆလံသသည်၊ ဆလံတိုက်သည် စသည်ဖြင့် အပြုအမူသဘောကိုလိုက်၍ ဆိုကြသည်။ ထိုစကားကိုစွဲ၍ တစ်စုံတစ်ရာ၌ အရှုံးပေးခြင်းကို တင်စား၍ ဆလံသသည်ဟု ဆိုကြသည်။ ထိုမှတစ်ဆင့် မလိုလားသဖြင့် "တန်ပါ" ဟုတားမြစ်ငြင်းပယ်သောသဘော၌လည်းသုံးစွဲကြပြန်သည်။

## ဆီမီးခွက် ထတောက်သည်

(ပျက်စီးခါနီး အစွမ်းကုန် ဖြစ်ထွန်းအောင်မြင်သည်)

ဆီမီးခွက်သည် ဆီကုန်၍ ငြိမ်းလုအခါ ကျန်သမျှသောဆီကို မီးဇာကတစ်ရှိန်တည်း ဆွဲစုတ်ယူလိုက်သဖြင့် မူလကထက်မီးတောက်ပို၍ လင်းထိန်လာပြီ တစ်ချက်တည်း ငြိမ်သွားလေသည်။ မီးတောက်မသေမီ အလင်းဆုံးလင်းသည်ကို အစွဲပြု၍ တစ်ဦးတစ်ယောက်အဖို့ အလွန်တိုးတက် အောင်မြင်ခြင်းသည် လျှော့ကျတော့မည်ဆဲဆဲ၌ တစ်ဟုန်တည်းဖြင့် တက်ဖြင့်မျိုးသာ ဖြစ်သည်ဟု နှိမ်ချပြောဆိုသောအခါများ၌ သုံးသည်။

## ဆလာမီ

(အပိုသက်သက်ပေးရသောငွေ)

ဟိန္ဒီဒစကား ဖြစ်သည်။ အိမ်ငှားရာတွင်သော်လည်းကောင်း၊ ကုန်ပစ္စည်းလဲလှယ် ဝယ်ယူရာတွင်သော်လည်းကောင်း၊ သီးခြားငွေပိုကို အဆောင်ပေးရလေသည်။ ထိုငွေသည် တင်ကြိုခုနှိမ်ပေးရန် အလွတ်သက်သက် ပေးလိုက်ရသော စပေါ်ငွေမျိုးမဟုတ်ဘဲ အကျိုးအခွင့်ရစေရန်အတွက် အလွတ်သက်သက် ပေးလိုက်ရသောငွေဖြစ်၍ ပြန်၍ရပိုင်လွင့် မရှိတော့ပေ။ (ထိုငွေကို အပျောက်ငွေဟုလည်း ခေါ်သည်)

အိမ်... ရှားပါးလွန်းသောကာလ၊ ကုန်ပစ္စည်းရှားပါးလွန်းသောကာလတို့၌ အခွင့်အရေးကို အပြိုင်ရယူသူပေါ်များသည့်အလျောက် အလွတ်လာဘ်လာသဖွယ် ဖြည့်ဆောင်းပေးအပ်ရသော ဆလာမီးငွေနှုန်းမှာလည်း

ကြီးမြင့်လာတတ်သည်။ အခွင့်အရေး ရယူလိုသူများမှာ တောင်းသောငွေပိုကို ပေးကြရသည်။ (ထိုစနစ်သည် စစ်ပြီးကာလမှ ပေါ်လာ၍ ဥပဒေအရမူကား ပိတ်ပင်ထားသည်။)

## ဆေးထသည်

(ကိုယ့်စွမ်းမဲ့ ကြိမ်းဝါးသည်၊ မငြိမ်မသက် လှုပ်ရှားသည်)

မြန်မာလူမျိုးအချို့သည် မြွေပြီးဆေး၊ စားခွက်နိုက်ဆေး၊ တုတ်ပြီး ခားပြီးဆေး၊ ကိုယ်ပေါ့ဆေး စသည့်ဆေး၊ အင်းအမျိုးမျိုးထိုးနှံလေ့ရှိသည်။ အချို့မှာ အလိုရှိသောအခါ စိတ်မာန်အင်အားကြီးမား သန်စွမ်းတတ်ကြွစေသည့် ပုဏ္ဏကဆေး၊ ပေါရိသာရဆေး၊ အာဠာဝကဆေး စသည် ထိုးနှံကြသေးရာ ထိုဆေးအင်တို့ တန်ခိုးထကြွသည့်အခါ ဆေးထိုးနှံထားသူသည် စိတ်ခက်ထန်၍ဘီလူးသဘက် စိတ်ကဲ့သို့ ကြမ်းတမ်းဆူကြွလာလေသည်။ ထိုသို့ထကြွသည်ကိုဆေးထသည်ဟုဆိုရာ တစ်စုံတစ်ယောက်သည် မိမိကိုယ်စွမ်းမရှိဘဲ ကြိမ်းဝါးသည်ကိုလည်းကောင်း၊ မငြိမ်မသက် လှုပ်ရှာတက်ကြွနေသည်ကိုလည်းကောင်း ခိုင်းနှိုင်း၍ သုံးနှုန်းကြသည်။

## ဆောင်တော်ကူးသည်

(မိန်းမကို ကျူးလွန်ဆက်ဆံသည်)

ရှေးက မင်းနှင့်မင်းသားတို့သည် မိဖုရား ကိုယ်လုပ်မောင်းမ အများ ထားရှိ၍ အဆောင်သီးခြား ချထားနေထိုင်စေလေသည်။ မိမိတို့ဆံဆက်လိုသော မိဖုရားကိုယ်လုပ်တို့ အဆောင်သို့ ကူးဝင်သွားလာသည်ကို အဆောင်တော်ကူးသည်ဟု ဆိုသည်။ ထိုသဘောကို တင်စား၍ မိန်းမတစ်ဦးဦးကို ကျူးလွန်ဆက်ဆံသည်ကို ဆောင်တော်ကူးသည် ဟုဆိုသည်။

## ဆန်းစသစ်သည်

(ကျနသေချာစွာ စိစစ်သည်)

ကဗျာလင်္ကာ ရေးဖွဲ့သော အခါမျိုးတွင်လည်းကောင်း၊ အစချီနှင့် လိုရင်းအမည်ကိုများသည် အလင်္ကာနည်းဖြင့်သာမဟုတ်ဘဲ ဆန်းကျမ်းတွင် စည်းသတ်မှတ်ထားသော ဆန်းနည်းအရလည်း ကောင်းမွန် မှန်ကန်စေရန်စစ်ဆေးရသော အစဉ်အလာရသည်။ ဆန်းနည်းအရဂိုဏ်းရွေးခြင်း၊

စံသရွေးခြင်း စသည်ကား အကျယ်ရှိ၏။ ဤ၌အကျယ်မလိုပြီ။ ထိုအကြောင်းကိုစွဲ၍ စနစ်တကျ စိစစ်ဆင်ခြင်မှုပြုခြင်းကို တင်စားသုံးနှုန်းသည်။

## ဆယ်လီကျသည်

(အောက်သက်ကျေသည်၊ စနစ်ကျသည်)

ရှေးကတစ်ကျပ်လျှင် အပြားတစ်ရာရှိ၍ ဆယ်ပြားလျှင် တစ်မူးအားဖြင့် ဆယ်မူးရှိလေသည်။ ကုန်ဈေးတွက်ချက်သောအခါ ဆယ်မူးဖြင့် နှုန်းသင့် တွက်ချက်လေသည်။ ထိုသို့အစိတ်စိတ် အလီလီ အသေးစိတ်ခွဲ၍ တွက်ချက်လေသည်ကို ဆယ်လီ တွက်သည်ဟုဆို၍ ဆယ်လီကျေသည်။ ဆယ်လီစိတ်သည်၊ ဆယ်လီကျသည် စသော စကားများကိုလည်း ဆက်စပ်ရာတွင် သုံးစွဲကြလေသည်။ အသေးစိတ်စနစ်ကျမှု ၊ အောက်သက်ကျေမှု စသည်တို့ကို ဆယ်လီကျေသည်ဟုပင်ဆိုလေသည်။

## ဆိတ်ပုေးစေ့

(မတည်ငြိမ်ဘဲ သာရာဘက်သို့ ပေါင်းတတ်သူဖောက်လွဲ ဖောက်ပြန်ပြုသူ)

ဆိတ်ပုေးစေ့သည် သွားသောအခါ ခြေလှမ်းဖြင့် ယိမ်း၍ ဘယ်ပေါင်၊ ညာပေါင် တစ်ဖက်စီသို့ထိကာ လှုပ်ရှားလိုက်ပါလေသည်။ ထိုသဘောကိုစွဲ၍ တစ်ဖက်သက် အတည်တကျ ပူးပေါင်းခြင်းမပြုဘဲ နှစ်ဖက်လုံးကို အကြောင်းသင့်အောင် တွယ်ကပ်တတ်သူ၊ အခွင့်အရေးသာရာသို့ ပြောင်းလဲကပ်ရပ်တတ်သူများကို တင်စား၍ သုံးသည်၊ ခွတုတ်၊ ပန်းပြားပင်၊ ဆောင်းလေ စသည်ဖြင့်လည်းတင်စားကြသည်။

## ကာရန်သင့်သည်

(အကြောင်းအပေါင်းသင့်သည်၊ တိုက်ဆိုင်ပြေညီးပြေညီသည်)

ကဗျာလင်္ကာများတွင် အသတ်အစပ် အသံအားဖြင့် တူညီသည်ကို ကာရန်ကိုက်သည် ၊ ကာရန်သင့်သည်ဟုဆိုသည်။ "ဗွေဂနာ၊ ဟေမဂါ၊ စေတနာ" တို့သည် ကာရန်ညီ စကားလုံးများပင် ဖြစ်သည်။ ထိုသဘောကို တင်စား၍ တစ်နှင့်တစ်ဦး လိုက်လျောပြေကျေခြင်း သဘောတူညီးခြင်း အလိုက်အဖက်ညီခြင်း စသည်တို့ကို ကာရန်သင့်သည်ဟု ဆိုလေသည်။ ကာရန်ကိုက်သည်၊ ကာရန်လိုက်သည်ဟူ၍ လည်းသုံးသည်။ တစ်အားဖြင့် အပေါင်းအသင်း ပြေပြစ်ခြင်း၊ ခိုက်ရန် မဖြစ်ပွားခြင်းကိုလည်း ဆိုသည်။

------------X------------

## ခါးစိပတ်တင်သည်

(သူတစ်ပါး၏ ကျေးဇူးအပြောအဆို အစွပ်အစွဲ စသည် အကြွေးတင်ကျန်သည်)

သူတစ်ပါး၏ အိပ်ရာကို ပြစ်မှားမိသည့် လျော်ကြေးငွေကို ခစိပတ်မြီ(ခါးဆီးပတ်မြီ)ဟု ခေါ်ဆိုလေသည်။ ထိုသဘောကိုစွဲ၍ မိမိ၏ပြုမူချက် တစ်စုံတစ်ရာကြောင့် သူတစ်ပါးအပေါ်တွင်ပေးဆပ်ရန်၊ ကျေးဇူးတင်ရန်၊ တောင်းပန်ရန်၊ ဖြေရှင်းရန် စသည့် အစွန်အစတာဝန်တင်ကျန်ခြင်းကို တင်စား၍ ခစိပတ်တင်သည်ဟု ဆိုသည်။

------------X------------

## ခံကျိုးသည်

(စေ့စပ်ရေးပျက်သည်)

မသင့်မတင့် ပဋိပက္ခဖြစ်ပွားသူ နှစ်ဦးနှစ်ဖက်ကို စေ့စပ်အောင် ဆောင်ရွက်ပေးသော ပုဂ္ဂိုလ်စုအား ခံအဖွဲ့ခေါ်ရာ ထိုခံအဖွဲ့ကစေ့စပ်၍မရဘဲ လက်လျှော့လိုက်ရသောအခါ ခံကျိုးသည်ဟု ဆိုသည်။

------------X------------

## ချောသည်

(သေသည်)

ထိုစကားမှာ မွန်ဘာသာ(ချိုတ်) ဖြစ်၍ အသံထွက်မှာ "ချော" ပင်ဖြစ်သည်။ အဓိပ္ပာယ်မှာ"သေသည်"ဟူ၍ဖြစ်သည်။ ဘန်းစကားအဖြစ်ဖြင့် သုံးနှုန်းကြရာအချို့က ချောမောပြီး ပြတ်သည့် မြန်မာစကားဟု အထင်ရှိ၍ ကိစ္စချောသည်ဟူသော စကားနည်းတူ သေသည်ကို တင်စား သုံးနှုန်းကြသည်။

------------X------------

## ချော်တောငေ့ါသည်

(လွဲချော်သည်)

လွဲချော်ရုံမက လွဲချော်ရာဘက်သို့ ပိုလွန်ဝေါထွက်နေသည်ဟု တင်စားသောအားဖြင့် တလွဲတခြားသို့ ယွင်းသွေ ချော်ထွက်သည်ကို ချော်တော့ငေါ့စေသည်။ ချော်တော်ငေါ့သည်ဟူ၍ ဆိုကြသည်။

------------X------------

## ခြေရာတိုင်းသည်

(တုပသည် အန်တုသည်)

ခြသေ့်သားငယ်သည် ဖခင်ခြသေ့်နှင့် ခွန်အားစွမ်းအင်ခြင်း တူ မတူကိုခြေရာချင်းတိုင်း၍ ကြည့်ကာ ခြေရာအရွယ်အစားချင်း တူမျှလာသောအခါ အင်းအားတူပြီဟူ၍ ဖခင်ကို အန်တုသည့်ပုံဝတ္ထုအားမှီး၍ ဖက်ပြိုင်ခြင်း၊ အန်တုခြင်းတို့ကို တင်စား၍ခိုင်းနှိုင်းသည်။

------------X------------

## ခွင်ကျသည်

(အနေအသားကျသည် တိုက်ဆိုင်အပ်စပ်သည်)

ဗိသုကာပညာရပ်တွင် အခုံးနှင့် အခွက် အလယ်စာ နှင့် ဘောင်ခွေ ၊ တွင်းနှင့်စို့ စရွေ့အံကျကိုက်ညီဟပ်မိ၍ နေသားတကျရှိခြင်းကိုခွင်ကျသည်ဟု ဆိုလေသည်။ ထိုသဘောကို တင်စား၍ မိမိအပ်စပ်သောနေရာနှင့် အရည်အချင်း ဟပ်မိတိုက်ဆိုင်မိခြင်းကိုလည်းကောင်း၊ ပုံမှန်နေသားတကျရှိခြင်းကိုလည်းကောင်း ခွင်ကျသည်ဆိုသည်။

------------X------------

## ချွတ်ခြုံကျသည်

(အလွန်ဆင်းရဲသည်)

ဆင်းရဲလွန်းသော သူသည် ခြုံစရာ စောင်မရှိ၍ အဝတ်တစ်ထည်ကို နေ့အခါဝတ်၍ ညအခါ ချွတ်ခြုံရသည်။ ဒါဝတ်အဖြစ် တစ်လှည့်၊ ခြုံလွှာအဖြစ်တစ်လှည့် တစ်ထည်တည်းကိုသာ အသုံးပြုရသော ဘဝသို့ ကျရောက်သည်ကို ချွတ်ခြုံကျသည်ဟု ဆိုသည်။ တကယ်ပင် ထိုမျှဆင်းရဲသော်လည်း ခေါင်းပါးခြင်း၊ ဆင်းရဲခြင်း၊ သာမန်ကိုတင်စား၍ ချွတ်ခြုံကျသည်ဟု ဆိုကြသည်။

------------X------------

## ခွေးဝင်စား

(သူတစ်ပါးကို မှီခိုကပ်ရပ်နေရသူ)

ခွေးလေများသည် သခင်မရှိဘဲ ကြုံရာနေရာတွင် မွေးဖွားကြီးပြင်းလာပြီးနောက် နီးစပ်ရာ အိုးအိမ်တွင် ခိုဝင်ကပ်ရပ်၍ အသက်မွေး နေထိုင်လေရာ ထိုခွေးများကို ခွေးဝင်စားဟုခေါ်လေသည်။ ထိုသဘောကို တင်စား၍ သူတစ်ပါးဘုန်းဂုဏ်၊ အရိပ်ကို ခိုကပ်၍ အသက်မွေးရသူ၊ သူတစ်ပါးရပ်ရွာသို့ ခိုဝင်ကပ်ရပ်လာသူတို့ကို ရှုတ်ချသောအားဖြင့် သုံးနှုန်းခေါ်ဆိုသည်။

------------X------------

## ချက်ကြွေ၏

(ဇာတိရပ်မြေ၊ မွေးဖွားရာဒေသ)

ကလေးငယ်သည် မွေးဖွားပြီးနောက် ရက်အနည်းငယ်အတွင်းချက်တိုင်ခြောက်၍ ချက်ကြွေကျလေရာ ထိုသို့ချက်ကြွေရာအရပ်သည် မွေးဖွားရာ အရပ်ပင်ဖြစ်၍ တင်စားသောဖြင့် ဇာတိရပ်မြေကို ချက်ကြွေဟုပင်ခေါ်ကြသည်။ ထိုကြွေသောချက်ကို မြှုပ်ရာ အရပ်ကို အစွဲပြု၍ ချက်မြှုပ်ရာ အရပ်ဟုလည်း ခေါ်ကြသည်။

------------X------------

## ချောက်တွန်းသည်(ချောက်တွန်းသည်)

(အပြစ်ကျအောင် တွန်းပို့၍ အဆိုးဘက်သို့ နစ်သည်)

လူတစ်ဦးတစ်ယောက်အား အမြင့်သို့တွန်း၍မတင်ဘဲ ချောက်ကမ်းပါးတွင်းသို့ တွန်းချဘိ သကဲ့သို့ အမှား၊ အပြစ်၊ အရှုံးစသောအဆိုးဘက် သို့ကျရောက်လေအောင် စေတနာ အရေခြုံလျက် ဆွဲဆောင် တွန်းပို့ခြင်းပြုသည်ကို တင်စား၍ သုံးသည်။ ချောက်ချသည်ဟုလည်း ဆိုသည်။

------------X------------

## ဂေါ်သည်

(နောက်ပိုးသည် ၊ လူပျိုလှည့်သည်)

ဤစကားမှာ သင်္ဂဇာစကားပုံ၌ ပါဝင်သော ရသေ့တစ်ပါးနှင့် မယ်သီလတစ်ပါးသည် စင်ပေါ်တွင် အိပ်ကြရာ တစ်ဦးကတစ်ဦးကို အိပ်ပျော်၍ ဟောက်သံ ဂေါ်ဂေါ်ဟူသော အသံနှင့်အတူ မိမိပြောလိုရာကို အိပ်ပျော်ရင်း ယောင်ဟန်ပြု၍ ကာမဂုဏ် စကားပြောကြပုံဇတ္တုကိုစွဲ၍ သုံးကြသည်။

------------X------------

## ဂဠုန်စားချက်သည်

(ကြုံရာမရသဖြင့် ကြုံရာလုပ်ကိုင်သည်)

ဂဠုန်လူယောင်ဆောင်၍ ပြေးသော နဂါးကို လူယောင် ဆောင်၍လိုက်ရာမှ နဂါးသည် ပင်လယ်ကမ်းစပ်သို့ရောက်၍နဂါးအသွင်ဖြင့် ငုပ်လျှိုးထွက်ပြေးရာ ဂဠုန်သည် နဂါးပြန်အလာကိုဆားချက်အလုပ်သမားဖြစ် လုပ်ကိုင်စောင်းနေသော ပုံဇတ္တုကိုစွဲ၍ အကြံကုန်သဖြင့် နောက်ဆုံး မှီခိုရာကိုကြုံရာမရ လက်ခံလုပ်ကိုင်ရသည့်အခါ တင်စာသုံးနှုန်းသည်။

------------X------------

## ဂြိုဟ်မွှေသည်

(မကောင်းကျိုးဖန်တီးသည်၊ မကောင်းကျိုး သင့်ရောက်လာသည်)

လူတို့သည်မိမိတို့၌ မကောင်းကျိုးများဆိုင်ရောက်လာသော အခါမိမိတို့ပယောဂနှင့် အကြောင်းဆက်ကို မမြင်တတ်ဘဲ မကောင်းသောဂြိုဟ်ဆိုးတို့ မွှေနှောင်သည်၊ ဖန်တီးနှောင့်ယှက်သည်ဟုတင်စား၍ ဆိုကြသည်။ ကောင်းကင်ရှိဂြိုဟ်နက္ခတ်တို့သည်

ဆိုင်ရာလူတို့အား အကျိုးအပြစ် ဖြစ်စေနိုင်သည်ဟု ယူဆကြရာမှ ထိုစကားပေါ်လာသည်။

------------X------------

## ဂျပိုးထိုးသည်

(နေရာအနှံ့ လည်ပတ်ပွေနောက်သည်၊ အရာရာ၌စွက်ဖက်သည်)

ကြမ်းပိုးများသည် လူ၏ခန္ဓာကိုယ်ကို နေရာမရွေး ထိုးကျင့်၍ အသွေးစုတ်ယူတတ်ကြသည့်ပြင် ဖျာ၊ ကြမ်း အကြိုအကြားမကျန်း ဂင်ရောက် ကျက်စားတတ်လေသည်။ ထိုသဘောကို တင်စား၍ နေရာအနှံ့ဂင်ဆံ့ကာ၊ ရေးရာကိစ္စဟူသမျှတွင် ပါဂင်စွက်ဖက်၍ အခွင့်အလမ်းရှာကြံထုတ်ယူနေသူကို ဂျပိုးထိုးဟူ၍လည်းကောင်း၊ ထိုသူ၏ အပြုအမူကို ကြမ်းပိုးထိုးသည်ဟူ၍လည်းကောင်း သုံးနှုန်းကြသည်။

------------X------------

## ဂယက်ရိုက်သည်

(ပျံ့နှံ့လွင့်ပါးသည်။ တုံ့ပြန်အကျိုးသက်ရောက်သည်)

ရေပြင်ပေါ်၌ လှိုင်းဂယက်များသည် တစ်ခုမှတစ်ခုသို့ဆက်၍ ကျယ်ပြန့်စွာ ကူးစပ်သွားသည်ဟု ထင်ရသည်။ ထိုသဘောကိုတင်စား၍ အကြောင်း၊ သတင်း စသည်တစ်စုံတစ်ရာ ရှတ်တရက်ချင်း ကူးစပ်ပြန့်ကျယ် လွှမ်းမိုးသွားသည်ကို ဂယက်ရိုက်သည်ဟု တင်စား၍ သုံးသည်။

------------X------------

## ဂိုက်ကောင်း ဆိုက်ကောင်း

(ဥပဓိရုပ် ထည်ဝါသူ၊ ခန့်ညားထွားကျိုင်းသူ)

အထည်ရောင်းဂယ်ရာတွင် အထည်အနံသည် အများအားဖြင့် တစ်ဂိုက် (သုံးပေ) ရှိတတ်၍ အချို့မှာ အနည်းငယ် လျော့ကြလေသည်။ တစ်ဂိုက်တည့်တည့်ကျကျ ပြည့်ဂလျှင် ဂိုက်ပြည့်သည်။ ဂိုက်ကောင်းသည်ဟုဆို၍ ဂိုက်ပြည့်လျှင် အနံအရှည်အစား(ဆိုက်) ကောင်းသည်ဟု ဆိုလေသည်။ ထို့ကြောင့်ဂိုက်ကောင်းလျှင် ဆိုက်ကောင်းမြဲ ဖြစ်သည်။ အနံပြည့်မီသော အထည်အမျိုးအစားကို ဂိုက်ကောင်း ဆိုက်ကောင်းဟူ၍ဆိုရာ အရပ်အမောင်း ဟန်အမူအယာတင့်တယ်မွန်သူကိုလည်း

တင်စား၍ ဂိုက်ကောင်း ဆိုက်ကောင်းဟုပင် ဆိုကြသည်။ (ဂိုက်ကားဟိန္ဒီ၊ဒစကား၊ ဆိုက်ကား အင်္ဂလိပ်စကားတည်း။)

------------X------------

## ဂုတ်သွေးစုပ်သည်

(အမြတ်ကြီးယူခြင်း၊ မတရားသောနည်းဖြင့် အကျိုးအမြတ် ဖြတ်တောက်ထုပ်ယူခြင်း)

သားရဲတိရစာ၊ဆန်ကြီးများသည် သားကောင်ငယ်များကိုကိုက်သတ် ချီယူသောအခါ ဇက်ပိုး လည်ဂုတ်မှ ချီငင်၍ကိုက်ဖြတ်စားသောက်လေ့ရှိသည်။ ထိုကြောင့် ဘီလူးသဘက်တို့သည်လည်း လူကို လည်ဂုတ်ချိုး၍ သွေးစုပ်သောက်သည်ဟု အထင်ရှိသည်။ ထို့ကြောင့် အမြတ်ကြီးစား၍ အသွေးအဆီကို မျိုစုပ်သကဲ့သို့ အကျိုးအခွင့် ဖြတ်စားလေ့သောဓနေရှင် နယ်ချဲ့သမားတို့၏ အပြုအမူကိုလည်း သွေးစုပ်သော သဘောဖြင့် ပမာနှိုင်းကြသည်။ ထိုကြောင့် ဂုတ်သွေးစုပ်သည်ဟု တင်စားသုံးနှုန်းကြသည်။

------------X------------

## ငယ်ကျိုးငယ်နာ ဖော်သည်

(အတိတ်ကာလက အပြစ်ကိုဖော်သည်၊ လျှို့ဝှက်သော အပြစ်ကို ဖော်သည်၊ အရှက်ခွဲသည်)

သူငယ်ချင်းတို့ဘာဂ ငယ်စဉ်က သိကျွမ်းရာတွင် အတွင်းအပြင် အဆိုးအကောင်းကို သိရှိခဲ့ကြလေသည်။ ကြီးမှ တွေ့ကြုံရသူတို့မှာ ငယ်စဉ်က အဆိုးအကောင်းကို မသိရှိကြရပေ။ ထို့ကြောင့်ငယ်စဉ်က အတွင်းသိ အခင်းသိအနေဖြင့် သိရှိခဲ့သော ချွတ်ယွင်းမှု အပြစ်တို့ကို ဖော်ထုပ် ပြောဆိုသောအခါ အဝတ်အစား မလုံမလဲ ကလေးဘဝက သိမြင်ထားသော ခြေလက်အတွင်းအင်္ဂါ ကျိုးဆွံ့ခိုက်နာမှုများကို ထုတ်ဖော်ပြောဆို၍ အရှက်ခွဲသည့် သဘောဖြင့်တင်းစားပြောဆိုပါသည်။

------------X------------

## ငှက်စာဆော်သည်

(အပျိုဖြစ်သည်)

မာလာကာ၊ ဩဇာ၊ သရက်စသော သစ်သီးပင်တို့ကို စိုက်ပျိုးသောအခါ အပင်ကြီးရင့်၍ ပထမဦး အသီးသီးသည့်နှစ်တွင် အသီးများပြားစွာ မသီးသေးဘဲ ကျေးငှက်များသိ၍ လာရောက်စားသောက်ရရုံ ငှက်အစာအတွက် နှိုးဆော်ရုံသဘောဖြင့် အသီးဦးအနည်းငယ် သီးလေ့ရှိလေသည်။ ထိုသို့ သီးပင်အရွယ်ရောက်၍ သီးစပြုခြင်းကို

ငှက်စာဆော်ပြီဟု ဆိုစမှတ်ပြုကြရာ မိန်းကလေးငယ်များသည် အိမ်ထောင်နိုင်သော အရွယ်သို့ လှမ်းဝင်ဦးမည်ဖြစ်သည့် ဓမ္မတာပေါ်စ အပျိုဖြန်းအရွယ် ရောက်ဝင်သည်ကို တင်စား၍ အပျိုပိုင်းဝင်သည်၊ အပျိုဖော်ဝင်သည်၊ ငှက်စာဆော်သည်ဟု သုံးစွဲကြသည်

------------X------------

## ငါးရစ်တက်သည်

(ထွေးလုံးကျိုပတ်သည်၊ ပလူးသည်၊ ကျီစားရောဝင်သည်)

ငါးများသည် အချိန်အခါအလိုက် ဖို,မမိတ်လိုက်ကြ၍ အစုအလိုက် လူးလားလုံးထွေး ကူးခတ်ကြသည်ကို ငါးရစ်တက်သည်ဟု ဆိုသည်။ ထိုသဘောကို တင်စား၍ သူနှစ်ဦးသည် အထူးရင်းနှီးရောဝင်လျက် သင့်မြတ်ကျီစယ်နေသောအခါတွင် ခိုင်းနှိုင်းပြောဆိုလေ့ ရှိသည်။

------------X------------

## ငယ်မူပြန်သည်

(ကြီးရင့်သောအရွယ်နှင့် မလိုက်အောင် ငယ်မူငယ်ရာပြုသည် ကလေး-ကလက်သည်။)

အသက်အရွယ် ကြီးလာသောသူများသည် မိမိတို့အသက်အရွယ်နှင့် ထိုက်လျော်စွာ ပြုမူကျင့်ကြံနေထိုင်ခြင်းမပြုဘဲ အသက်အရွယ် ငယ်စဉ်က အမူအရာမျိုးကိုပင် ပြန်လည်လိုက်စားခြင်းကို ဆိုသည်။ အတိတ်၏သဘောအမူကို ပြန်လည်ခံယူ ကျင့်ဆောင်သော နေရာတိုင်းတွင်လည်း တင်းစား၍ သုံးနှုန်းသည်။ အထူးသဖြင့် စက်ဆုပ်သရော်သောအားဖြင့် ပစ်တင်ပြောဆိုသော စကားသာဖြစ်သည်။

------------X------------

## စွယ်စုံ

(နှစ်ဖက်ပြည့်စုံသူ)

ဆင်များတွင် အစွယ်တစ်ချောင်းတည်းရှိသောဆင် (တယ်)တက် အစွယ်နှစ်ဖက် အစုံထွက်သောဆင်မှာ ပို၍မင်္ဂလာကျက်သရေရှိသည်။ အစွယ်ခွန်အား တောင့်တင်းသည်။ ထိုသဘောဖြင့် လောကီဗဟုသုတရော၊ လောကုတ္တရာ တရားသဘောကိုပါ နှစ်ဖက်နှစ်ရပ်စလုံး ကျွမ်းကျင်သူ ပညာရှင်တို့အား စွယ်စုံဟု တင်စားခေါ်ဆိုသည်။ စွယ်စုံကျော်ထင်ဟု ထင်ရှား၏။ ထို့နောက်တွင်ကား အင်္ဂလိပ်-မြန်မာ၊ ရာဇသတ်၊ ဓမ္မသတ်၊ စကားပြေ-လင်္ကာ၊ ဓာတ်-ဗိန္ဒော စသည် အစုံအဖက် ပြည့်ဝသူတို့ပါ စွယ်စုံဟု ရောနှောသုံးစွဲကြလေသည်။

------------X------------

## စကားနာထိုးသည်

(မကျေနပ်ကြောင်း၊ သွယ်ဝိုက်ဖော်ပြသော စကားကို သွင်းဆိုသည်)

မိမိအပေါ်၌ သူတစ်ပါးက မကျေနပ်ဖွယ် ပြုမူပြီးနောက် အခွင့်ရ၍ ထိုသူနှင့် ဖက်ပြိုင်ပြောဆိုရသောအခါ ထိုသူအား မိမိ၏ နာကြည်း မကျေနပ်မှုများကို ရိပ်မိ သိရှိစေရန် တိုက်ရိုက်အပြစ်တင်သည့် သဘောမရောက်စေဘဲ ဖမ်းနည်းသည့် အမူအရာမျိုးဖြင့် ထည့်သွင်းပြောဆိုသည်ကို တင်စား၍ ဆိုသည်။ နာကြည်းမှုကို ဖော်ပြသော စကားဖြင့် ထိပါးပြောဆိုခြင်းဖြစ်သည်။

------------X------------

## စတိုင်ထုတ်သည်

(ဟန်ခင်းသည်၊ ကြွားဝင့်သော အမူအရာပြုသည်)

ထိုစကားမှာ အင်္ဂလိပ်စကား(စတိုင်)ပင်ဖြစ်၍ ဟန်ပန်၊ အသွင်းဟန်စသော အနက်ရှိသည်။ ထိုစကားကိုစွဲ၍ ပကတိအမူအရာထက်ပို၍ ကြွားဝင့်သော အမူအရာပြုသူကို စတိုင်ထုတ်သည်၊ စတိုင်ထွားသည်ဟု သုံးနှုန်း၍ အမူအရာ တင့်တယ်သူကိုမူ စတိုင်ဖြောင့်သည်ဟု သုံးနှုန်းကြသည်။

------------X------------

## စတန့်ထွင်သည်

(ပကတိသဘောမဟုတ်သော အပြသက်သက် ဉာဏ်ဆင် လုပ်ကြံသည်)

ရုပ်ရှင်ဇာတ်ကားများတွင် တစ်ကယ်မဟုတ်ဘဲ ခတ်ပုံလှည့်စားလျက် စွန့်စားခန်းများ ရိုက်ကူးတတ်ကြလေသည်။ ပုံစံအားဖြင့် မော်တော်ကားကို ချောက်ထဲသို့ မောင်းချခန်းတွင် ရှေးဦး၌ ပကတိလူကမောင်း၍ ချောက်ထဲသို့ ထိုးကျစဉ်တွင် အရုပ်သာပါရှိပြီး ချောက်ထဲ၌ ကျနေသောအခါ ဒဏ်ရာရဟန်ဆောင်ထားမှသာ ပကတိလူကိုပြန်၍ သွင်းခြင်းဖြင့် ဉာဏ်ဆင်ကွက်မျိုးကို စတန့်ဟုခေါ်လေသည်။ စတန့်မှာ အမေရိကန် တက္ကသိုလ်များမှ စတင်သုံးစွဲသော ဘန်းစကားဖြစ်၍ မူလအဓိပ္ပာယ်မှာ ခဲရာခဲဆစ် အစွမ်းပြခြင်းမျိုးကို ဆိုလိုသည်။ သို့ရာတွင် ထိုအခန်းမျိုးမှာ ပကတိမဟုတ်ဘဲ ဉာဏ်ဆင် လှည့်စားမှုဟူ၍သာ

အဓိပ္ပာယ်ကောက်ယူကြလျက် ထိုသဘောအတိုင်း ပကတိ သဘောမဟုတ်သော အပြသက်သက်မျှ ကြံဆောင်ခြင်းများကို စတန့်ထွင်သည်ဟု သုံးနှုန်းကြသည်။

------------X------------

## စက်ပုန်းခုတ်သည်

(လျှို့ဝှက်၍ နောက်ကွယ်မှ တိုက်တွန်းစေ့ဆော်သည်)

ပင်လယ်ကူး လှေကြီးများတွင် ရွက်တိုင်များကို အသုံးပြုသော်လည်း စက်များပါ တပ်ဆင်ပါရှိတတ်ရာ ရွက်အားကြောင့် ရွေ့လျားသည်ထက် အတွင်း၌ ထည့်သွင်းထားသည့် စက်က ခုတ်မောင်းခြင်းကြောင့်လည်း ပို၍ ရွေ့လျားနိုင်လေသည်။ ထိုသို့ အတွင်းမှ စက်အကူအညီဖြင့် လှုပ်နှိုးစေ့ဆော်ပုံမျိုးကို တင်စား၍ အပြင်အပမှ မမြင်သာစေဘဲ ကွယ်ရာတစောင်းမှ လျှို့ဝှက်၍ အားပေးစေ့ဆော်သွေးဆောင် လမ်းညွှန် တိုက်တွန်းသူများကို စက်ပုန်းခုတ်သည်ဟုပင် ဆိုသည်။

------------X------------

## စားပေါက်ချောင်သည်

(ကိုယ်ကျိုးရှာကွက်လွယ်သည်)

ကျားထိုးသောအခါ တစ်ဖက်ကျားကို စားရန်အတွက် မိမိကျားကို အခက်အခဲ အကြပ်အတည်းမရှိဘဲ လမ်းပေါက်လွယ်ကူစွာ ရှိသောအခါ စားပေါက်ချောင်သည်ဟု ဆိုလေသည်။ ဤစကားကို အစွဲပြု၍ သက်သက်သာသာဖြင့် ငွေအရလွယ်ကူသော လုပ်ငန်းမျိုး အခွင့်အလမ်းမျိုး ရရှိနေသည်ကို စားပေါက်ချောင်သည်ဟု ဆိုကြသည်။

------------X------------

## စဉ်ပြိုသည်

(အသိုက်အဝန်း ကွဲပျက်သည်၊ ပျက်စီးတိမ်းရွေ့သည်၊)

ဗူးစင်၊ ဖရုံစင် စသော စင်တို့သည် ဝါးခြမ်း ဝါးလုံးတို့ကို စပ်ဖွဲ့ယှက်တင်၍ ထိုးဆောက်ထားသည်ဖြစ်ရာ စင်တစ်ခုလုံး ပြိုကျသွားသောအခါ အဆိုင်းအဖွဲ့ ပြတ်တောက်၍ အပိုင်းအစများ တကွဲတပြားစီ ပျက်ပြားလွင့်စင်သွားရမြဲဖြစ်၍ စုပေါင်းထောက်တည်မှု ပျက်ယွင်းရလေသည်။ ထိုသဘောကို တင်စား၍ အသင်းအဖွဲ့ လုပ်ငန်းစသည်တို့၌ အခြေခံအားပြု ထောက်မှီရာ ပျက်စီးပြိုလဲခြင်းကို ဆိုသည်။

------------X------------

## စန်းပွင့်သည်

(ချစ်ခင်သူ ပေါ်များသည်)

မွေးဇာတာခွင်ကို ကောင်းကင်နက္ခတ် ဂြိုဟ်ခွင်များနှင့် တိုက်စစ်သောအခါ စန်းဟူသော တနင်္လာဂြိုဟ်သည် ဇာတာ၌ ထွန်းပွင့်နေသည်ကို တွေ့ရှိရလျှင် လူချစ်လူခင်ပေါ်များခြင်း၊ အရောင်းအဝယ် ဖွံ့ဖြိုးစည်ပင်ခြင်းစသော ကောင်းကျိုးမင်္ဂလာရှိမည်ဟု အဟောထွက်လေသည်။ ထိုသဘောကို တင်စား၍ မျက်နှာပွင့်လမ်း၊ ချစ်သူခင်သူ ပေါ်ခြင်းကို ဇာတာခွင်အရ စန်းပွင့်သည်ဖြစ်စေ မပွင့်သည်ဖြစ်စေ စန်းပွင့်သည်ဟု ဆိုကြသည်။

------------X------------

## စင်ပြိုင်သည်

(ပြိုင်ဆိုင်၍ ပြုသည်၊ ရင်ဘောင်တန်း ပြိုင်သည်)

ပွဲများ ကပြသောအခါ ပွဲနှစ်ပွဲသည် တစ်ညစီမဟုတ်ဘဲ တစ်ညတည်း တရပ်တစ်ဒေသတည်း၌ ဇာတ်စင်ချင်းပြိုင်၍ ထိုးကာ ပြိုင်တူကပြကြသည်ကို စင်ပြိုင်ကသည်။ စင်ပြိုင်သည်ဟု ဆိုသည်။ ထိုသဘောကို တင်စား၍ ဂုဏ်ရည်တူ လက်ရည်တူနှစ်ဖက် အစွမ်းအင်အားချင်း ပြိုင်ဆိုင်သည်ကို ဆိုသည်။
(ရပ်ကြီးစင်၊ ရပ်သေးစင် စသည်တို့ ပြိုင်ကြရာမှ ထိုစကားတွင်သည်)

------------X------------

## ဆလံတိုက်သည်

(အလေးပြုသည်၊ အလျှော့ပေးသည်)

အူရဒူစကား၌ အလေးပြု ဦးတိုက်သည်ဟူသော အဓိပ္ပာယ်ဖြင့်ဆလံဟုဆိုသည်ကို မြန်မာတို့က ဆလံတင်သည်၊ အလံပေးသည်၊ ဆလံသသည်၊ ဆလံတိုက်သည် စသည်ဖြင့် အပြုအမူသဘောကိုလိုက်၍ ဆိုကြသည်။ ထိုစကားကိုစွဲ၍ တစ်စုံတစ်ရာ၌ အရှုံးပေးခြင်းကို တင်စား၍ ဆလံသသည်ဟု ဆိုကြသည်။ ထိုမှတစ်ဆင့် မလိုလားသဖြင့် “တန်ပါ” ဟုတားမြစ်ငြင်းပယ်သောသဘော၌လည်းသုံးစွဲကြပြန်သည်။

------------X------------

## ဆီမီးခွက် ထတောက်သည်

(ပျက်စီးခါနီး အစွမ်းကုန် ဖြစ်ထွန်းအောင်မြင်သည်)

ဆီမီးခွက်သည် ဆီကုန်၍ ငြိမ်းလုအခါ ကျန်သမျှသောဆီကို မီးဇာကတစ်ရှိန်တည်း ဆွဲစုတ်ယူလိုက်သဖြင့် မူလကထက်မီးတောက်ပို၍ လင်းထိန်လာပြီ တစ်ချက်တည်း ငြိမ်သွားလေသည်။ မီးတောက်မသေမီ အလင်းဆုံးလင်းသည်ကို အစွဲပြု၍ တစ်ဦးတစ်ယောက်အဖို့ အလွန်တိုးတက် အောင်မြင်ခြင်းသည် လျှော့ကျတော့မည်ဆဲဆဲ၌ တစ်ဟုန်တည်းဖြင့် တက်ဖြင့်မျိုးသာ ဖြစ်သည်ဟု နှိမ်ချပြောဆိုသောအခါများ၌ သုံးသည်။

------------X------------

## ဆလာမီ

(အပိုသက်သက်ပေးရသောငွေ)

ဟိန္ဒီဒစကား ဖြစ်သည်။ အိမ်ငှားရာတွင်သော်လည်းကောင်း၊ ကုန်ပစ္စည်းလဲလှယ် ဝယ်ယူရာတွင်သော်လည်းကောင်း၊ သီးခြားငွေပိုကို အဆောင်ပေးရလေသည်။ ထိုငွေသည် တင်ကြိုခုနှိမ်ပေးရန် အလွတ်သက်သက်ပေးလိုက်ရသော စပေါ်ငွေမျိုးမဟုတ်ဘဲ အကျိုးအခွင့်ရစေရန်အတွက် အလွတ်သက်သက် ပေးလိုက်ရသောငွေဖြစ်၍ ပြန်၍ရပိုင်လွှင့် မရှိတော့ပေ။ (ထိုငွေကို အပျောက်ငွေဟုလည်း ခေါ်သည်) အိမ်... ရှားပါးလွန်းသောကာလ၊ ကုန်ပစ္စည်း ရှားပါးလွန်းသောကာလတို့၌ အခွင့်အရေးကို အပြိုင်ရယူသူပေါ်များသည့်အလျောက် အလွတ်လာဘ်လာသဖွယ် ဖြည့်ဆောင်းပေးအပ်ရသော ဆလာမီးငွေနှုန်းမှာလည်း ကြီးမြင့်လာတတ်သည်။ အခွင့်အရေး ရယူလိုသူများမှာ တောင်းသောငွေပိုကို ပေးကြရသည်။ (ထိုစနစ်သည် စစ်ပြီးကာလမှ ပေါ်လာ၍ ဥပဒေအရမှုကား ပိတ်ပင်ထားသည်။)

------------X------------

## ဆေးထသည်

(ကိုယ့်စွမ်းမဲ့ ကြိမ်းဝါးသည်၊ မငြိမ်မသက် လှုပ်ရှားသည်)

မြန်မာလူမျိုးအချို့သည် မြွေပြီးဆေး၊ စားခွက်နှိုက်ဆေး၊ တုတ်ပြီး ဓားပြီးဆေး၊ ကိုယ်ပေါ့ဆေး စသည့်ဆေး၊ အင်းအမျိုးမျိုးထိုးနှံလေ့ရှိသည်။ အချို့မှာ အလိုရှိသောအခါ စိတ်မာန်အင်အားကြီးမား သန်စွမ်းတတ်ကြွစေသည့် ပုဏ္ဏကဆေး၊ ပေါရိသာရဆေး၊ အာဋ္ဌာဂကဆေး စသည် ထိုးနှံကြသေးရာ ထိုဆေးအင်တို့ တန်ခိုးထကြွသည့်အခါ ဆေးထိုးနှံထားသူသည် စိတ်ခက်ထန်၍ဘီလူးသဘက် စိတ်ကဲ့သို့ ကြမ်းတမ်းဆူကြွလာလေသည်။ ထိုသို့ထကြွသည်ကိုဆေးထသည်ဟုဆိုရာ

တစ်စုံတစ်ယောက်သည် မိမိကိုယ်စွမ်းမရှိဘဲကြိမ်းဝါးသည်ကိုလည်းကောင်း၊ မငြိမ်မသက် လှုပ်ရှားတက်ကြွနေသည်ကိုလည်းကောင်း ခိုင်းနှိုင်း၍ သုံးနှုန်းကြသည်။

------------X------------

## ဆောင်တော်ကူးသည်

(မိန်းမကို ကျူးလွန်ဆက်ဆံသည်)

ရှေးက မင်းနှင့်မင်းသားတို့သည် မိဖုရား ကိုယ်လုပ်မောင်းမ အများ ထားရှိ၍ အဆောင်သီးခြား ချထားနေထိုင်စေလေသည်။ မိမိတို့ဆံဆက်လိုသော မိဖုရားကိုယ်လုပ်တို့ အဆောင်သို့ ကူးဝင်သွားလာသည်ကို အဆောင်တော်ကူးသည်ဟု ဆိုသည်။ ထိုသဘောကို တင်စား၍ မိန်းမတစ်ဦးဦးကို ကျူးလွန်ဆက်ဆံသည်ကို ဆောင်တော်ကူးသည် ဟုဆိုသည်။

------------X------------

## ဆန်းစသစ်သည်

(ကျနသေချာစွာ စိစစ်သည်)

ကဗျာလင်္ကာ ရေးဖွဲ့သောအခါမျိုးတွင်လည်းကောင်း၊ အစချီနှင့် လိုရင်းအမည်ကိုများသည် အလင်္ကာနည်းဖြင့်သာမဟုတ်ဘဲ ဆန်းကျမ်းတွင် စည်းသတ်မှတ်ထားသော ဆန်းနည်းအရလည်း ကောင်းမွန်မှန်ကန်စေရန် စစ်ဆေးရသော အစဉ်အလာရသည်။ ဆန်းနည်းအရဂိုဏ်းရွေးခြင်း၊ စံသရွေးခြင်း စသည်ကား အကျယ်ရှိ၏။ ဤ၌အကျယ်မလိုပြီ။ ထိုအကြောင်းကိုစွဲ၍ စနစ်တကျစိစစ်ဆင်ခြင်မှုပြုခြင်းကို တင်စားသုံးနှုန်းသည်။

------------X------------

## ဆယ်လီကျသည်

(အောက်သက်ကျေသည်၊ စန်စကျသည်)

ရှေးကတစ်ကျပ်လျှင် အပြားတစ်ရာရှိ၍ ဆယ်ပြားလျှင် တစ်မူးအားဖြင့် ဆယ်မူးရှိလေသည်။ ကုန်ဈေးတွက်ချက်သောအခါ ဆယ်မူးဖြင့် နှုန်းသင့် တွက်ချက်လေသည်။ ထိုသို့အစိတ်စိတ် အလီလီ အသေးစိတ်ခွဲ၍ တွက်ချက်လေသည်ကို ဆယ်လီ တွက်သည်ဟုဆို၍ ဆယ်လီကျေသည်။ ဆယ်လီစိတ်သည်၊ ဆယ်လီကျသည်

စသော စကားများကိုလည်း ဆက်စပ်ရာတွင် သုံးစွဲကြလေသည်။ အသေးစိတ်စနစ်ကျမှု ၊ အောက်သက်ကျေမှု စသည်တို့ကို ဆယ်လီကျေသည်ဟုပင်ဆိုလေသည်။

------------X------------

## ဆိတ်ပေါးစေ့

(မတည်ငြိမ်ဘဲ သာရာဘက်သို့ ပေါင်းတတ်သူဖောက်လွဲ ဖောက်ပြန်ပြုသူ)

ဆိတ်ပေါးစေ့သည် သွားသောအခါ ခြေလှမ်းဖြင့် ယိမ်း၍ ဘယ်ပေါင်၊ ညာပေါင် တစ်ဖက်စီသို့ထိကာ လှုပ်ရှားလိုက်ပါလေသည်။ ထိုသဘောကိုစွဲ၍ တစ်ဖက်သက် အတည်တကျ ပူးပေါင်းခြင်းမပြုဘဲ နှစ်ဖက်လုံးကို အကြောင်းသင့်အောင် တွယ်ကပ်တတ်သူ၊ အခွင့်အရေးသာရာသို့ ပြောင်းလဲကပ်ရပ်တတ်သူများကို တင်စား၍ သုံးသည်၊ ခွတုတ်၊ ပန်းပြားပင်၊ ဆောင်းလေ စသည်ဖြင့်လည်းတင်စားကြသည်။

------------X------------

## ဇယားကိုက်သည်

(မျှတညီညွှတ်သည် တွက်ခြေမိသည်)

ဂဏန်းတွက်ချက်ရာ၌လည်းကောင်း၊ စာရင်းရေးမှတ်ရာ၌လည်းကောင်း၊ အဝင်အထွက် စာရင်းနှစ်ဖက်ဖြစ်စေ၊ စာရင်းတစ်ခုတည်းကို တွက်နည်းတွက်ပုံ နှစ်မျိုးခွဲ၍ဖြစ်စေ တွက်ချက်ရာ၌ တစ်ဖက် အဖြေဇယားကွက်နှင့် ကျန်တစ်ဖက် အဖြေဇယားကွက်တို့ ညီညွှတ်သည်ကို ဇယားလိုက်သည်ဟုဆိုသည်။ တင်းတောင်းဇယား အခြင်အတွယ်ချင်း ကိုက်ညီသည်ကို ဇယားလိုက်သည်ဟုလည်းဆိုသည်။ ထိုသဘောကို တင်စား၍ အဝင်နှင့်အထွက်၊ အရှုံးနှင့်အမြတ်၊ အကျိုးနှင့်အပြစ်၊ အပေးအယူ စသည့် တစ်ဖက်နှင့်တစ်ဖက် မပိုလွန်း-မလိုလွန်း ထေမိခြင်း ကိုက်ညီခြင်းစသည်တို့တွင် တင်စား၍သုံးသည်။

------------X------------

## ဇော်ဆွဲသည်

(ထိပ်တန်းကျသည် ၊ ထူးချွန်သည်)

ရုပ်သေးရုပ်များအနက် ဇော်ရုပ်ကို ကြိုးဆွဲကပြရသူ၏ အရည်အချင်းအထူးလိုသည်။ ခုန်ကျွမ်းထိုး၍ အမျိုးမျိုး ကပြရသည်ဖြစ်ရာ ကြိုးဆွဲအလွန်ကောင်းသူ ၊ တော်သူမှသာဇော်ရုပ်ကို ဆွဲရလေသည်။

ထို့ကြောင့် ဇော်ဆွဲရသူဆိုလျှင် ထိပ်တန်းထူးချွန်သူဟူသော သဘောရောက်ပြီးဖြစ်၍ မည်သည့် အရာတွင်မဆို ထူးချွန်သူကို ဇော်ဆွဲသည်ဟု ဆိုကြသည်။

------------X------------

## ဇက်ဆွဲသည်

(ထိန်းအုပ်ထားသည် ၊ ဖင့်နှေးစေသည်)

မြင်းပွဲများတွင် မြင်း၏ဇက်ကြိုးကို ဆွဲခြင်းဖြစ် အပြေးတန့်စေခြင်း ၊ လွတ်လွတ်ကျွတ်ကျွတ် ပြေးခွင့်မပြုဘဲ ထိန်းကွပ်ထားခြင်းတို့ကို ပြုလုပ်ကြသဖြင့် တစ်စုံတစ်ရာ လုပ်ကိုင် တောင်ရွက်မှုကို ဟန့်တား တုံ့ဆွဲထားခြင်းမျိုးကို တင်စား၍ ဇက်ဆွဲသည်ဟုပင် ဆိုကြသည်။

------------X------------

## ဇာတ်ခေါင်းကွဲသည်

(အပေါင်းအဖွဲ့ ကွဲပြားပြတ်တောက်သည်)

ဇာတ်သဘင်အဖွဲ့များသည် ယခင်က လေလုံမိုးလုံရုံကြီးများ မရှိသဖြင့် နွေကာလ၌သာ အရပ်ရပ်သို့လှည့်လည် ကပြရလေသည်။ မိုးရာသီရောက်လျှင် စုပေါင်းဖွဲ့စည်းထားသော သဘင်သည် အသီးသီးတို့သည် ဇာတ်ကရန် မရှိတော့သဖြင့် တကွဲတပြားစီ ပြန်ကြရလေသည်။ နောက်နှစ် ဇာတ်တိုက်ချိန်ကျမှ ဇာတ်ဆရာသို့မဟုတ် ဇာတ်ခေါင်းအိမ်သို့ ပေါင်းဆုံ လာရောက်ကြရပြန်သည်။ ဤကဲ့သို့ သဘင်သည်များ တကွဲတပြား၊ ဇာတ်အဖွဲ့အစည်းများ တကွဲတပြားဇာတိရပ်ထံ ပြန်ကြသည်တွင် ဇာတ်အဖွဲ့အစည်း ပြေကွဲသွားသည်ကို အကြောင်း ပြု၍ ဇာတ်ခေါင်းကွဲသည်ဟု ခေါ်ဆိုကြလေသည်။ ထိုသဘောကိုတင်စား၍ တစ်ကြိမ်က စုပေါင်းဖွဲ့စပ်ပြီးမှ နောက်တစ်ကြိမ်တွင် ကွဲပြားပြေလွင့်သွားသောအခါ ဇာတ်ခေါင်းကွဲသည်ဟုဆိုကြသည်။

------------X------------

## ညိုမြလုပ်သည်

(ဟန်လုပ်သည်၊ အမူဆောင်သည်၊ မူသည်)

တစ်စုံတစ်ရာကို နှစ်သက်သော်လည်း ရှက်ရွံ့စနိုးနှင့် ကြွန္နေချုပ်တည်း ဟန်ဆောင်နေပြီးမှ နှစ်သက်ဟန်ကို မသိမသာပြခြင်း၊ မနှစ်သက်ဟန်ကဲ့သို့ ပြုပြီးမှ

နှစ်သက်ကြောင်းကိုလည်း မပြောဘဲ မနေနိုင်ဘဲ အတွင်းစိတ်အမှန်ကိုသာ သိစေခြင်းစသော အပြုအမူမျိုးပြုမူသည်ကို တင်စား၍ ဆိုသည်။ မူသည်ဟုလည်း ဆိုကြသည်။ ရှေးအခါက အငြိမ်းမင်းသမီးတစ်ဦး၏ ဟန်အမူအရာကိုစွဲ၍ တင်စားခေါ်မှတ်သည် ဆို၏။ (ထိုမင်းသမီးမှာ ယုနီဗာစီတီ မြသန်းကြည် ဖြစ်သည်ဟု မှတ်ရဖူးသည်)

------------X------------

## ဋီကာချဲ့သည်

(အကျယ်ချဲ့သည် ကဲပိုဖြည့်လောင်းသည်)

ပိဋကတ်ပါဠိတော်များ၏ အနက်အဓိပ္ပာယ်ကို အကျယ်သိရှိသင့်ရာ၌ ရဟန္တာအရှင်မြတ်တို့က အဋ္ဌကထာကျမ်းများဖြင့် ဖွင့်ပြကြသည်။ ထိုအဋ္ဌကထာတို့ကို တစ်ဖန် ပညာရှင်တို့က ထပ်မံဖွင့်ချဲ့သည်ကို အစွဲပြု၍ တစ်စုံတစ်ရာ၌ အကျယ်ချဲ့ထွင် ဖော်ပြပြောဆို ရှင်းလင်းခြင်းတို့ကို တင်စား၍ သုံးနှုန်းသည်။

------------X------------

## တံတွေးကွက် ပက်လက်မျောသည်

(သူတစ်ပါး စက်ဆုပ်ကဲ့ရဲ့ခြင်း ခံရသည်)

လူများသည် အလွန်စက်ရွံရှာသောအခါ နှုတ်မသန့်ဘိသကဲ့သို့ ရင်ပျို့၍ တံတွေးထွေးကာ နှုတ်သန့်စင်တတ်ကြလေသည်။ ထို့ကြောင့် လူတစ်ယောက်အား လူပေါင်းများစွာက ရွံရှာသောအခါ ထိုသူတို့၏ တံတွေးများသည် စုပေါင်းလိုက်လျှင် များပြားပြည့်လျှံလာလိမ့်မည်ဟု တွေးဆဖွယ်ရှိလေသည်။ လွန်ကဲသည်ကို ထိုသူတို့ထွေးမည့် တံတွေးအစုကို ပမာပြု၍ တင်ပြသောအားဖြင့် တံတွေးကွက်၌ ပက်လက်မျောလုအောင်ပင်ရှိမည်ဟု ဆိုလိုသောအခါ တံတွေးကွက် ပက်လက်မျောမည်ဟု ဆိုကြသည်။

## တစ်ပင်တိုင်

(တစ်ဦးတည်း၊ တစ်မျိုးတည်း၊ အဖော်အဖက်မပါ တစ်ပါးတည်း)

ရှေးမြန်မာ ဘုရင်များလက်ထက်က သမီးတော်တစ်ပါးပါးကို နန်းဆောင် သီးခြားဖြစ်သော တစ်ပင်တိုင်နန်းဖြင့် ချီးမြှောက်ထားလေ့ရှိသည်။ ထိုမင်းသမီးမှာ အိမ်ရှေ့မင်း၏ မိဖုရားလောင်းဖြစ်ပြီး နောင်တော် အိမ်ရှေ့မင်း ထီးနန်းဆက်ခံရပါက မိဖုရားကြီးဖြစ်ရန် အလားအလာ ရှိလေသည်။ ထိုသို့ တစ်ပင်တိုင်နန်းဖြင့် တသီးတခြား

တစ်ပါးတည်း စံမြန်းစေသည်ကိုစွဲ၍ အခြားအဖော်အဖက် အတွဲအစပ်မပါသော အရာများကို တင်စား၍ ဥပမာ"တစ်ပင်တိုင် မုန့်ဟင်းခါး" (ဟင်းပြစ်၊ ဟင်းကြဲ၊ နှစ်မျိုးမပါဘဲ ဟင်းရည်တစ်မျိုးတည်းသာပါသည်) "တစ်ပင်တိုင်မင်းသမီး" (အတွဲအဖက်မပါဘဲ တစ်ဦးတည်း ခေါင်းဆောင်၍ ကပြရသည်) "တစ်ပင်တိုင်တီးလုံး" (အခြားတူရိယာတစ်ခုတည်းဖြင့်သာ တီးမှုတ်သည်) စသည်ဖြင့် ခေါ်ဝေါ်သုံးစွဲကြသည်။

------------x------------

## တစ်ဖက်ကမ်းခတ်သည်

(ပေါက်ရောက် ကျွမ်းကျင်သည်)

ဤစကားမှာ ပါဠိစကားမှ တိုက်ရိုက်ပြန်ဆိုခြင်း ဖြစ်လေသည်။ ပါရ-တစ်ဖက်ကမ်း ဂု-ရောက်ခြင်း။ တစ်ဖက်ကမ်းသို့ ကူးမြောက်ပေါက်ရောက်သူကို "ပါရဂူ"ဟု ဆိုသည်။ ပညာတစ်ရပ်ရပ်၌ အစမှအဆုံး တတ်မြောက်ခြင်းကို ပင်လယ်၊ သမုဒ္ဒရာနှင့် တင်စားကာအလွန်ကျယ်ဝန်းလှသော (ဝါ) ကူးခတ်၍ ကမ်းသို့ ရောက်ရန် ခက်ခဲလှစွာသော မဟာသမုဒ္ဒရာဖြစ်လျက်ပင် အဆုံးအဖျား တစ်ဖက်ကမ်းသို့ ပေါက်ရောက်သည်ဟု တင်စားဆိုလေသည်။ မြန်မာဘာသာ၌လည်း ထူးချွန်ပြည့်စုံစွာ တတ်မြောက်ခြင်းကိုပင် တစ်ဖက်ကမ်း ခတ်သည်ဟု ဆိုကြသည်။

------------x------------

## တစ်ကောင်ဖွား

(ထူးချွန်သူ၊ ရှားမှရှားသူ)

ထိုစကားမှာ မ,တစ်ထောင် တစ်ကောင်ဖွားဟူသော စကားမှလာသည်။ မိန်းမပေါင်းတစ်ထောင် သားသမီး ဖွားမြင်ရာတွင်မှ ထိုလူမျိုးတစ်ယောက်သာ ဖွားမြင်နိုင်အောင် ရှားပါးလှသောသူဟူ၍ အဓိပ္ပာယ်ရသည်။ အလွန်ထူးချွန်သူကို ချီးမြှောက်တင်စား၍ ခေါ်ဆိုသော စကားဖြစ်သည်။

------------x------------

## တန်ပြန်သည်

(နည်းတူ တုံ့ပြန်သည်)

လောကီအောက်လမ်းပညာသဘော၌ လူတစ်ဦးဦးအား စုန်းမှော် ပညာတို့က ဘေးဒုက္ခသင့်အောင် ပြုစားနှောင့်ယှက်ထားသော စုန်း မှော် ပညာသည်တို့ထက်

တတ်ကျွမ်းသော ပယောဂဆရာတို့က ထိုသို့ပြုစားသူအား ပြုစားခံရသူ၏ ဘေးဒုက္ခကို ပြုစုသူသို့ ပြန်ပို့၍ လွဲပြောင်းခံစားစေရန် မိမိပညာစွမ်းဖြင့် ပြုမူစီရင်သည်ကို ဒဏ်ပြန်သည်၊ တန်ပြန်သည် ဟု ဆိုကြသည်။ နွားကို ကိုက်သတ်ထွက်ပြေးသွားသော ကျားကို ပြန်လာစေလိုလျှင် ကိုက်သတ်ခံရသောနွား၏ အမြီးကိုဖြတ်ပြီး နွားပါးစပ်ထဲသို့ ပြန်သွင်းထားကာ ကိုက်သွားသောကျားသည် ထိုနွားရှိရာသို့ ပြန်၍ လာလေ့ရှိသည်ဟုဆို၏။ ဤကဲ့သို့ ပြုခြင်းကိုလည်း တန်ပြန်သည်ဟု ဆိုသည်။ ဤအခြင်းအရာကိုစွဲ၍ ထပ်တူထပ်မျှ လက်တုံ့ပြန်ခြင်း၊ ပါးကိုက်၊ နားကိုက်သည်ဆိုသကဲ့သို့ လတ်တလောချင်း လက်စားချေခြင်း စသည်ကို တင်စား၍ သုံးနှုန်းကြသည်။

------------X------------

## တောခိုသည်

(ဥပဒေနှင့် ဆန့်ကျင်မှုကိုပြု၍ ရှောင်းတိမ်းသည် အစိုးရကို တော်လှန်၍ ဥပဒေအပြင်သို့ ဖယ်ထွက်သည်)

အစိုးရကို ဆန့်ကျင်၍ လက်နက်ကိုင် တိုက်ခိုက်သူများသည် ဥပဒေလက်လှမ်းမီရာမြို့ကို ဖယ်ရှောင်၍ တောစွန်ကျေးလက်နှင့် စိမ့်မြိုင် တောနက်ရာကို တိမ်းရှောင်ခိုလှုံကာ ဆူပူထကြွလေ့ရှိသည်ကို စွဲ၍ ဆူပူသောင်းကျန်းရန် ကြံရွယ်ချက်ဖြင့် ဥပဒေလက်လှမ်းမမီရာသို့ တိမ်းရှောင်ခိုကိုးခြင်း၊ ထွက်ပြေးပုန်းခိုခြင်းတို့ကို တင်စား၍ သုံးနှုန်းသည်။

------------X------------

## ထိုသည်

(စိတ်လိုရာ အနံ့သွားနေသည် မူးယစ်စပြုနေသည်)

ဂိဇ္ဇာမိုရ်ဟူသော စကားနှင့်စပ်၍ ဂိဇ္ဇ ၊ ဇော်ဂျီ စသည်တို့ကမ္ဗဇနိ ၊တတန်ခိုးဖြင့် ပေါက်မြောက် သိဒ္ဓိပေါက်ခြင်း ကို ဂိဇ္ဇာမိုရ်သည်၊ ဂိဇ္ဇာထိုရ်သည်ဟု သုံးနှုန်းကြသည်။ ထိုစကားမှတစ်ဆင့် စိတ်လိုရာ အနံ့သွားလာနေသည်ကို ထိုနေသည်ဟူ၍လည်းကောင်း၊ မူးယစ်၍ စိတ်ကူးလည့်ပတ်နေသည်ကို ထိုနေသည်ဟူ၍လည်းကောင်း တင်စားသုံးနှုန်းကြသည်။

------------X------------

## ထီရိုးရှည်သည်

## (ကဲလွန်ပြုမူသည်)

ထိုစကားမှာ "မောင်မောင်ဆိုလေ ထီးရိုးရှည်" ဟူသော စကားမှစတင်သည်။ အသည်သားတစ်ဦးအား မင်းမှုတော်ထမ်း ထီးတော်မိုးအဖြစ် မြှောက်စား၍ လူအများက မင်းညီမင်းသားအနွယ်ကဲ့သို့ မောင်မောင်ဟု အမည်ဦးတပ်ကာ ခေါ်လေရာ မောင်မောင်ဟု အခေါ်ခံရတိုင်း စိတ်နေမြင့်၍ သူကိုင်ဆောင်သော ထီးကို ထီးရိုးတစ်လက်မစီ မြှင့်၍ ကိုင်လေသဖြင့် ထီးရိုးရှည်၍ ရှည်၍သာ တက်လာသည်ကို စွဲလျက်"မောင်မောင်ဆိုလေ ထီးရိုးရှည်" ဟု ဆိုကြသည်။ ထိုသဘောကို စွဲ၍မလိုလားလေ ပိုပြီးကဲလွန်လေ......... စသည်အားဖြင့်ဆန့်ကျင်တော်လှန်၍ ကဲလွန်ပြုမူသည်ကို အဓိပ္ပာယ်ဟူကာတင်စားသုံးနှုန်းနေကြသည်။ "ကြောက်တယ်ဆိုလေ ၊ ကြောင်ကလေးနှင့် တို့လေ"၊ "ဆိုလေ ကဲလေ မန်းလေပြလေ" ဟူသော စကားပုံနည်းတူ အဓိပ္ပာယ်ပြောင်းလာသည်။

------------X------------

## ထောက်ကွက်သည်

(ထောက်ခံမလိုနှင့် ကန့်ကွက်သည်)

လွှတ်တော်တွင် အဆိုကို ထောက်ခံသူများဘက်မှပြောဆိုခွင့် အလှည့်ကို တောင်း၍ ပြောဆိုသော်လည်း ပြောဆိုသော စကားများတွင် ကန့်ကွက်ရှုတ်ချသည့်သဘောများသာ ပိုမိုရှည်လျား များပြားစွာ ဖော်ထုတ်ပြောဆိုနေသဖြင့် ထောက်ခံရာမရောက်ဘဲ ရှိသောကြောင့် ထောက်ကွက်ခြင်းဖြစ်သည်ဟု ဝေဖန်ညွှန်ပြရာမှ ထိုစကားတွင်လာသည်။

------------X------------

## ထောင် နားခမ်းနင်းသည်

(ရာဇဝတ်ပြစ်မှု ကျူးလွန်အံ့ဆဲဖြစ်သည်)

ရာဇဝတ်မှုကို ကျူးလွန်လျှင် အပြစ်ရပြီး ထောင်ထဲသို့ ရောက်တတ်သည်ဖြစ်ရာ ရာဇဝတ်တစ်ခုခု သို့မဟုတ် ထောင်ကျလောက်ဖွယ်ရှိသော ပြစ်မှုတစ်ခုခုကို ကျူးလွန်မိအံ့ဆဲဆဲ ရှိခြင်းကိုသော်လည်းကောင်း ၊ ထောင်မကျ သေးသော်လည်း ထောင်ကျရမည်အပြစ်ကို တိတ်တဆိတ် ကျူးလွန်ခဲ့မိခြင်းကိုသော်လည်းကောင်း၊ ရာဇဝတ်သင့်စေနိုင်သည့် အလုပ်တစ်ခုခုကို ရည်ရွယ်ဟန် ပြင်ထားလျှင်သော်လည်းကောင်း တင်စား၍ ဆိုကြသည်။

------------X------------

## ဒက်ထိတိုးသည်

(တိုက်ရိုက်တည့်မတ်စွာ တိုက်ဆိုင်သည်)

မြင်းပွဲတွင် ပြိုင်မြင်းနှစ်ကောင်စလုံး တညီတည်း တစ်ပြိုင်တည်း အတူပန်းဝင်သည့်ပွဲကို အင်္ဂလိပ်ဘာသာဖြင့်(Deat heat) အသံထွက်နီးစပ်ရာအားဖြင့် ဒက်ထိဟု ခေါ်သည်။ ထိုသို့ နှစ်ကောင်တိုက်ညီခြင်းကို တင်စား၍ စာမေးပွဲမေးခွန်းနှင့် ကျက်ထားသောစာပုဒ်တို့ အံကိုက်ကျခြင်း၊ မီးရထားနှစ်စင်း တစ်ချိန်တည်း အရောက်တူခြင်းစသည်တို့ကိုပါ ဒက်ထိတိုးသည်၊ ဒက်ထိရောက်သည်ဆိုကြသည်။ မြန်မာစကားဟုပင် အချို့မှတ်ထင်ကြသည်။

------------X------------

## ဒုံရင်းဆိုက်သည်

(ပင်ရင်းနေရာ ပြန်ရောက်သည်)

ပြေးပွဲများတွင် စ၍ တာထွက်ရာအစကို ဒုံဟု ခေါ်၍ ပန်းဝင်ရာ တာအဆုံးကို ပန်းတိုင်ဟု ခေါ်လေသည်။ ထို့ကြောင့် အရင်းအစသို့ ပြန်ရောက်ခြင်းကို ဒုံရင်းဆိုက်သည်။ ဒုံရင်းကျသည်ဟု တင်စား၍ ဆိုသည်။

------------X------------

## ဒူးထောက်သည်

(အညံ့ခံသည်၊ သြဇာခံသည်)

ရှေးအခါက လက်အောက်ခံ ၊ ကျေးကျွန်း ၊ အစေအပါး စသည် တို့သည် အရှင်သခင်အား ရိုသေလေးမြတ်သော အမူအရာကို ပြသောအားဖြင့် ဒူးထောက်တုံ့ဝပ်၍ ခစားခိုဝင်ကြရသည်ဖြစ်ရာ လူတစ်ဦးတစ်ယောက်အား အလျှော့ပေးအညံ့ခံ၍ သခင်အဖြစ် သို့မဟုတ် မိမိထက် သာလွန်သူအဖြစ် အမှတ်ပြုရသည့်အခါတွင် တင်စား၍သုံးသည်။

------------X------------

## ဒေဂါလီခံသည်

(လူမွဲစာခံသည်၊ လူမွဲအဖြစ် ဥကဒေအေရ ကြေညာသည်)

သူတစ်ပါး၏ကြွေးကို ချေးငှားပြီးနောက် မဆပ်နိုင်သော အခါ ဥပဒေ အကာကွယ်ယူလျက် လူသိနတ်သကြားအားဖြင့် လူမွဲဖြစ်ကြောင်း

ဝန်ခံကြေညာလေသည်။ ထိုသို့ ကြေညာချက်အရ မြေတို့ကို ပိုင်ဆိုင်ခြင်း မရှိတော့ချေ။ ပိုင်ဆိုင်ခဲ့လျှင် ကြွေးရှင်ကသိမ်းယူခွင့် ရှိလေသည်။ ထိုသို့ လူမွဲစာခံယူသူသည် ကြွေးပေးဆပ်နိုင်ခြင်းမရှိ၍ ကြွေးဆပ်ခွင့်ကင်းသော်လည်း သာမန်ပြည်သူတို့ ရသင့်ရထိုက်သော အာမခံပေးခွင့်၊ အရွေးခံခွင့် စသည့် အခွင့်အရေးများမှငြင်းပယ်ခြင်း ခံရသည်။ ထိုသို့ လူမွဲစာရင်းခံ ခြင်းကို ဟိန္ဒီဘာသာအားဖြင့် ဒေဝါလီခံသည် ဆိုသည်။

------------X------------

## ဒေါင့်ကျိုးသည်

(ပိပြားသေဝပ်သည်)

ရုန်းကန်ထောင်ကြွခြင်းမရှိ၊ သေသပ်ပိရိသော အခေါက်အချိုးတို့သည် ဒေါင့်ကျိုးအောင် ဖိခေါက်ထားသော အရာများသာ ဖြစ်လေသည်။ ထိုသဘောကိုစွဲ၍ မဖီမဆန် သေဝပ်ကျိုးနွံ ပိရိသော အဓိပ္ပာယ်မှာ အသားသေသည်၊ စည်းကမ်း သေဝပ်သည်၊ စနစ်အခြေကျသည်ဟူ၍ပင် ဖြစ်၏။

------------X------------

## ဒေါင်းတောက်သည်

(အနှံ့အပြား ရှာဖွေသည်)

ဥဒေါင်းငှက်များသည် ကြက်များ အစာကောက်သကဲ့သို့ဆက်ကာ ဆက်ကာ လည်ငေါက်၍ ဟိုဟိုသည်သည် နှုတ်သီးတောက်လေ့ရှိသည်။ ထိုနည်းပမာကို တင်စား၍ နေရာအနှံ့အပြားလှည့်ကာ ပြန်ကာ မနားမနေ ရှာဖွေခြင်းကို ဒေါင်းတောက်အောင်ရှာသည်၊ ရှာ၍ ဒေါင်းတော်ကသည်ဟူ၍ သုံးစွဲကြလေသည်။

------------X------------

## ဓမ္မာသောက ဖြစ်ကြသည်

(မသင့်မမြတ်ဖြစ်ကြသည် ရန်ဖက်ဖြစ်သည်)

ဗေဒင်ကိန်းများတွင် လူအချင်းချင်း နေ့နံအလိုက် မိတ်ဖက်ရန်ဖက် ရွေးစစ်ရာတွင် မသင့်မြတ်သောရန်ဖက် နေ့နံချင်းကိုအလွယ်သိမှတ်စေရန် "ဓမ္မာ၊ သောက၊ အင်း၀၊ ရာဇာ၊ အိမ်ထောင်ဖက် အသက်မရှည်ရာ" ဟူသော လင်္ကာအရ မှတ်ထားခဲ့ကြလေသည်။ ဓမ္မာအရ စနေနှင့် ကြာသပတေး၊ သောကအရ သောကြာနှင့်တနင်္လာ စသည်တို့မှာ ရန်ဖက်ဖြစ်ကြသည်

ထိုသဘောကိုယူ၍တစ်ဦးနှင့်တစ်ဦး မသင့်မြတ်သည်ကို ထိုလင်္ကာပုဒ်ဖြင့် ဓမ္မာသောက ဖြစ်သည်ဟု သုံးနှုန်းကြသည်။

------------X------------

## နင်းပြား

(ဆင်းရဲသား၊ အဖိနှိပ်ခံလူတန်းစား၊ အောက်တန်းစား)

လူအများဖိနင်း၍ ပြားပပ်နေသောအရာနှင့် နှိုင်းကာ လူသူတကာ၏ ဖိနှိပ်သွေးစုပ်ခြင်းခံရသူ၊ နှိပ်စက်ညှဥ်းပန်းခြင်းခံရသူများဟုအဓိပ္ပာယ်ရသည်။ သာမန်ဆင်းရဲသားများကိုလည်းတင်စား၍သုံးသည်။ ကျောမွဲလူတန်းစားနှင့်အတူပင် ဖြစ်သည်။

------------X------------

## နိဒါန်းပျိုးသည်

(အစချီသည် ၊ အဦးစေအဆင့်ကိုပြုလုပ်သည်)

စာရေးသားသည့်အခါ ရေးသားရခြင်းအကြောင်းကို ရှေးဦးစတင် ရေးသားရလေရာထိုပိုဒ်ကို နိဒါန်း(နိဒါန) ဟုခေါ်လေသည်။ သနီ ၏တကေနိဒါန်း၊ အဝိဒူရေနိဒါန်း စသည်ဖြင့် ဗုဒ္ဓဝင်၌ ရှိ၏။ နိဒါန်း၏အဓိပ္ပာယ်သည် အကြောင်းအရာဖြစ်သော်လည်း ရှေးဦးအစကဲ့သို့ အမှတ်ယူလာခဲ့ကြသဖြင့် တစ်စုံတစ်ရာ ပြုလုပ်ရာ၌ အစပျိုးသည်ကို နိဒါန်းပျိုးသည်ဟုပင် တင်စားဆိုသည်။ ပဏာပျိုးသည်ဟူ၍လည်း ဆိုသည်။

------------X------------

## နောင်ကြဉ်သည်

(အနာဂတ်အတွက် တစ်ဖန်မကျူးလွန်ပံ့အောင် သင်ခန်းစာရသည်)

လူတစ်ဦးတစ်ယောက်သည် တစ်ကြိမ်တစ်ခါ၌ အမှားအယွင်းပြုမိ၍ ပြုမိသည့်အတွက် လက်တွေ့အပြစ် ခံယူရရှိသောအခါ နောင်အနာဂတ်တွင် ထိုသို့ ထပ်မံပြုမိခဲ့လျှင် တွေ့ကြုံရမည်အပြစ်ကို သိပြီး ဖြစ်၍ နောင်အခါတွင် ရှောင်ကြဉ်ရလောက်အောင် အသိစွဲမြဲ ခိုင်မာ၍ အမှန်ကို သိရှိလာသည်ကို အကြောင်း၍ ထိုသို့သင်ခန်းစာရခြင်းကို နောင်ကြဉ်သည်ဟု ဆိုသည်။

------------X------------

## နှုတ်သီးကောင်းသည်
(စွာသည်၊ ရန်လိုတတ်သည်)

ရန်စွာနှုတ်ထိုးတတ်သော မိန်းမများကို နှုတ်ထက်သည်၊ နှုတ်ကောင်းသည်ဟု တင်စားဆိုရာတွင် နင့်သီးစေလိုသဖြင့် သွယ်ဝိုက်သောအားဖြင့် တိရစ္ဆာန်နှင့် နှိုင်းကာ နှုတ်သီးကောင်းသည်ဟု သုံးနှုန်းလေသည်။ ချီးမွမ်းပြောဆိုသော အဓိပ္ပာယ်နှင့် ကွဲလွဲခြားနားစေရန်လည်း ဖြစ်လေသည်။

------------X------------

## ပတ်စာခွာ ဖျာသိမ်းသည်
(နောက်ဆုံး အပြီးသတ်အောင် ဆောင်ရွက်သည်)

ပွဲကရာတွင် ပွဲပြီး၍ ဇာတ်လမ်း ဇာတ်ကွက် သိမ်းပြီးနောက် နောက်ဆုံးသော အလုပ်သည် ဗုံများမှ ပတ်စာတို့ ခွာပစ်ခြင်း၊ ခင်းထားသော ဖျာများ သိမ်းဆည်းခြင်းတို့ပင် ဖြစ်လေသည်။ ထိုသဘောကို တင်စား၍ နောက်ဆုံးဖြစ်သော အဆင့်ကို ဆောင်ရွက်သည့်အခါ သုံးနှုန်းသည်။

------------X------------

## ပတ်တီးချသည်
(ကလိမ်ကျသည်၊ တစ်ပတ်ရိုက်သည်၊ လိမ်လည်သည်)

ထိုစကားမှာ ဟိန္ဒီဒစကားဖြင့်“လိမ်လည်မှုဖြင့် ရိုက်သည်၊ လိမ်လည်မှုဖြင့် ထိပါးစေသည်” ဟူ၍ ပတ်တီးမာရိုးဟု သုံးနှုန်းရာ၊ မြန်မာဘန်းစကား၌ ပတ်တီးချသည်ဟု ဆိုကြသည်။

------------X------------

## ပန်းပွင့်သည်
(အရွယ်ရောက်သည်၊ ဓမ္မတာသွေးပေါ်သည်)

မိန်းမတို့၏ ဓမ္မတာရာသီသွေးကို ရာသီပန်းဟု ခေါ်လေရာ မိန်းကလေးများ အရွယ်ရောက်သည်ကိုလည်းကောင်း၊ လစဉ် ဓမ္မတာ သွေးပေါ်သည်ကိုလည်းကောင်း ပန်းပွင့်သည်ဟု တင်စားဆိုသည်။

------------X------------

## ပန်းဦးလွှတ်သည်

(အပျိုကာမကို ပေးလှူသည်)

ပုဂံပြည် အနော်ရထာမင်းလက်ထက် မတိုင်မီ ပေါ်ထွန်းသော သာသနာပြု အရည်းကြီးရဟန်းတို့မှာ နိုင်ငံတော်တွင်း ထိမ်းမြားလက်ထပ်မည့် သူတို့သမီးများအား မထိမ်းမြားမီ တစ်ညတွင် ကျောင်းသို့ ပို့လွှတ်စေလျက် နံနက်လင်းသောအခါမှ ထိမ်းမြားစေသောအလေ့ရှိသည်။ လူအများက ထိုသို့လွှတ်မှ အပြစ်လွှတ်သည်ဟု ယုံကြည်ကြသည်။ မင်းအာဏာလည်းထားရှိခဲ့သည်။ ထိုသို့ ကာမဦးလှူခြင်းကို ပန်းဦးလွှတ်သည်ဟု ခေါ်ဆိုခဲ့သည်။

------------X------------

## ပွဲကျသည်

(ပရိသတ် သဘောကျသည်)

ပွဲသဘင်များတွင် ရယ်ဖွယ်ရာ ဟာသများကို ပရိသတ် သဘောကျလာအောင် ပြောဆိုပြသနိုင်စွမ်းသည်ကို တင်စား၍ဆိုသည်။ ပွဲလာသူတို့ သဘောကျသည်ဟူသော သဘောပင်ဖြစ်သော်လည်း ဟာသအရာ၌ အသုံးများသည်။

------------X------------

## ပါစားပေးသည်

(အခွင့်သာပေးသည်)

ပုဆစ်ကြွေကစားရာတွင် ကြွေနှစ်ပွင့်ကို“ပါ”ဟုခေါ်ရာတစ်ဖက်က တစ်ဖက်အား လက်ရည်အသာပေး၍ ကစားလိုသဖြင့် ပါစားပေးသည်ဟုအစွဲပြု၍ အခွင့်အရေးပေးခြင်း၊ အလိုလိုက်ခြင်း၊ မျက်နှာသာပေးခြင်းတို့ကို ဆိုသည်။

------------X------------

## ပိဋကတ်အိုးကွဲ

(ပညာတတ်ယောက်ဆောင်သူကို သရော်၍ ခေါ်သောအမည်) (ပညာနည်းပါးသူးကိုလည်း သရော်၍ သုံးသည်)

စာပေ ပရိယတ္တိ ကျွမ်းကျင်သူများကို ပိဋကတ်အိုးဟူ၍ တင်စားချီးကျူး ခေါ်ဝေါ်ကြသည်။ သို့ရာတွင် စာပေ ပရိယတ္တိမပြည့်စုံသူ ၊ မနှံ့မစပ်သူမျိုးကိုမူ သရော်သောအားဖြင့် ပိဋကတ်အိုးကွဲဟူ၍ခေါ်ဆိုကြသည်။ လူတစ်ယောက်အား

ပညာနှင့်ပတ်သတ်၍ ချီးမွမ်းဟန်ဖြင့် ရှုတ်ချပြောဆိုလိုသောအခါ ထိုစကားဖြင့် သုံးနှုန်းခေါ်ဆိုတတ်သည်။

------------X------------

## ပုံမှားရိုက်သည်

(ဟန်ဆောက်မှုဖြင့် လိမ်လည်သည် ၊ အတုပြု၍ လိမ်သည်)

လူတစ်ဦးတစ်ယောက်သည် အခြားလူတစ်ဦးတစ်ယောက်၏ အပေါ်တွင် ထိုသူ၏မိတ်ဆွေ သို့မဟုတ် ဆွေမျိုး သားချင်းတစ်ဦးဦး အဟန်ဖြင့် လိမ်လည်သွားခြင်းကို ပုံမှားရိုက်သည်ဟု ဆိုကြသည်။ နာမည်ကျော် အမှတ်တံဆိတ်များတွင် ပါရှိသော ပကတိပုံအစား အခြားဆင်တူရိုးမှားပုံဖြင့် ရိုက်နှိပ်တုပြု၍ လိမ်လည်သည့် သဘောမျိုးပင်ဖြစ်၍ ဆင်တူရိုးမှားပုံ ဟန်ဆောင်ခြင်းကို ဆိုသည်။ ညှော်သည်ဟန်ဆောင်၍ ဓားပြတိုက်ခြင်း၊ လင်သားဟန်ဆောင်၍ ကျူးလွန်ခြင်းစသည်တို့ကိုလည်း တင်စား၍ ပုံမှားရိုက်ဟုပင် ဆိုကြလေသည်။

------------X------------

## ပုလဲနံ့ပသင့်သည်

(ခင်မင်ကျွမ်းဝင်)

ပုလဲဆိုသူနှင့် နံ့ပဆိုသူတို့ သင့်မြတ်ခင်မင်ကြသည်ကို တင်စားဆိုသည်ဟု ယူဆကြသည်။ စကားရင်းမြစ် မထင်ရှားချေ။ ခင်မင် ကျွမ်းဝင်သည့်သဘောကို တင်စားချက်ပင်ဖြစ်သည်။

------------X------------

## ပုဒေါင်းလိုက်သည်

(အမျှော်ရလွန်သည်)

ကယားပြည်နယ်တွင် လည်ပင်း၌ ကြေးခွေများ ဝတ်ဆင်လေ့ရှိ၍ လည်းပင်းရှည်သည်ကို ပိုလွန်တင်စားသောအားဖြင့်လည်ပင်း ပုဒေါင်းလိုက်သည်ဟု ဆိုကြသည်။ (ပုံတောင်းလိုက်သည်နှင့် မတူချေ။)

------------X------------

## ပဲခူးဆား

(အရာရာတွင် ပါတတ်သူ အရာနဲ့သူ)

ပဲခူးနယ်မှ ချက်လုပ်သော ဆားသည် ခတ်လေရာတိုင်း၌ ငန်လွန်းလှသည်ဟု ပြောစမှတ် ပြုလေသည်။ ထို့ကြောင့်နေရာတကာတွင် စွက်ပါဝင်တတ်သူ ၊ အရာရာတိုင်း၌ နှံ့စပ်ရောဝင်တတ်သူကို တင်စားသောအားဖြင့် ခတ်တိုင်းငန်ဟူ၍လည်းကောင်း၊ ပဲခူးဆားဟူ၍လည်းကောင်း တင်စား ခေါ်ကြသည်။ ဆားသည်အစားအစာဟူသမျှတွင် အရာဝင်အသုံးတွင်သည်ကိုစွဲ၍လည်းနေရာများတွင် အထောက်အကူဖြစ်စေနိုင်သမျှကို တင်စား၍ ခေါ်သေးသည်။

------------X------------

## ပြန်ပေါင်းထုပ်သည်

(ပြန်လည်ပေါင်းဖက်သည်)

ကောင်းညှင်း စသည်ကို အငွေ့ဖြင့် ပေါင်းပြီးနောက် အုန်းသီး စသည်ဖြင့် ရောစွက်လျက် တစ်ဖန်ပြန်၍ ပေါင်းနှပ်သည်ကို ပြန်ပေါင်း၊ ပြန်ပေါင်းထုပ်သည်ဟု ဆိုသည်။ ထိုသဘောကို တင်စား၍လင်မယားစသည်တို့ အခိုက်အတန့် ကွဲကွာပြီးနောက် ပြန်လည်၍ပေါင်းသင်းနေထိုင်သည်ကို ပြန်ပေါင်းထုပ်ဟု ဆိုသည်။

------------X------------

## ပြုတ်မနူး

(မှိုင်စေ့စေ့နေသူ ၊ မပွင့်လင်းသူ ၊ သွန်သင်ပြုပြင်၍မရသူ)

ပဲစေ့များကို ပြုတ်သောအခါ အချို့ပဲစေ့များသည် ကျစ်၍နေသဖြင့် မနူးမကျက်ဘဲ ကျန်နေတတ်ရာ ထိုပဲစေ့မျိုးကို ပြုတ်မနူးဟုခေါ်လေသည်။ ထိုသို့အားဖြင့် လုံးဝအစိမ်းလည်းမဟုတ် ၊ အကျက်လည်းမဟုတ်ဘဲ မှိုင်စေ့စေ့နေပုံကို တင်စား၍ ပွင့်ပွင့်လင်းလင်းမရှိဘဲ မတုန်မလှုပ် မှိုင်စေ့စေ့နေတတ်သူ ၊ သွန်သင်ဆွဲဆောင်၍ မရသူမျိုးကို ခေါ်ဝေါ်သည်။

------------X------------

## ဖူလုံသည်

(ပြည့်စုံသည်)

သုံးပုံ ဖဲကစားရာတွင်၃ပြားလျှင် တစ်ဖူခေါ်၍ ဆယ့်နှစ်ပြား လေးဖူလုံလောက်၄စွာ ရရှိသည်ကို တင်စား၍ပြည့်စုံ လုံလောက်ခြင်းကိုတင်စားသည်။ ဖူဟူသော စကားမှာလည်း ဖု ၊ ဖူ ၊ ဖူး ဟူသောဝေါဟာရအနက် အဆင့်ဆင့်သွားပုံကို ထောက်၍လည်းကောင်း၊ ပူ (ဖောင်း)သည်၊ ဖူသည်ဟူသော သုဒ္ဓ ၊ ကာရိုက် ကြိယာတွဲကိုထောင်၍လည်းကောင်း ပြည့်မောက်ခြင်း အဓိပ္ပာယ်ရရှိနိုင်ပေသေးသည်။

------------X------------

## ဗျာများသည်

(ပူပန်ကြောင့်ကြမှုများသည် ၊ ကသီးကရီနိုင်သည် ၊ မရပ်မဆည်နိုင်ဖြစ်သည်)

ပူပန်ကြောင့်ကြမှု ၊ ပူဆွေးသောကရောက်မှု ၊ မတည်မငြိမ်လှုပ်ရှားမှု စသည်ကို ဗျာပါများသည်ဟု ဆိုကြ၍ အတိုချုပ်အားဖြင့် ဗျာပါများသည် ၊ ဗျာများသည်ဟု ဆိုကြသည်။ (စင်စစ် ပါဠိဗျာပါရပုဒ်သည် လှုံ့လပြုခြင်း ၊ အားထုတ်ခြင်းကိုလည်းကောင်း၊ ဗျာပါဒပုဒ်သည် သူတစ်ပါး ပျက်စီးမှု လိုလားခြင်းကို လည်းကောင်း ဖော်ပြသည်။ ဤ၌ လှုပ်ရှားအားထုတ်မှုများ၍ မတည်မငြိမ်သည်ကိုရည်၍ဆိုခြင်းပင် ဖြစ်သည်။)

------------X------------

## ဖြတ်ထိုးဉာဏ်

(အကြောင်းအခွင့်အလျောက် ကြားတွင်ဖြတ်၍ ပေါ်သောဉာဏ်)

ကြိုတင်စဉ်းစားထားသည်ထက် ရုတ်တရက် အကြောင်းပေါ်လာသောအခါတွင် ကြားဖြတ်၍ အလိုက်သင့် ပြေလျောအောင်ဆောင်ရွက်သင့်သည်ကို ကြံဆပြုလုပ်ရသည့်အခါ ၊ ပေါ်ထွက်လာသော တခ်နုပ္ပတ္တိဉာဏ်မျိုးကို ဖြတ်ထိုးဉာဏ်ဟုပင် ခေါ်သည်။

------------X------------

## ဖော်လံဖားသည်

(ကပ်ပါးပြုသည် ၊ မြှောက်ပင့်ကပ်ရပ်၍ ခယသည်)

ထိုစကားမှာ တရုတ်စကားလုံးပင်ဖြစ်၍ တရုတ်ဘာသာ၌ တိုက်ရိုက် အသုံးမရှိသော်လည်း မြန်မာအဓိပ္ပာယ်ကို လုံးကောက်ပြန်ဆိုပြီး စကားပုံက်ပမာ ပြုထားခြင်း ဖြစ်သည်။ အဓိပ္ပာယ်မှာ "ပေးစေ့မ,သည်" ဟူ၍ ဖြစ်သည်။ ကပ်ရပ်၍မြှောက်ပင့် အကြိုက်ဆောင်ကာ ခယခြင်းကို သရော်၍ ဆိုခြင်းဖြစ်သည်။ မိန်းမများအတွက် "ဖော်စီဖားသည်" ဟူ၍လည်းက္လတ္တိလိင်ဖြင့် သုံးကြသေးသည်။

------------X------------

## ဖော်ကောင်

(အပြစ်ကို ဖွင့်ဖော် ဝန်ခံသူ ၊ သစ္စာဖောက်သူ)

လူအစုလိုက် ပူပေါင်းကျူးလွန်သော ပြစ်မှုတစ်စုံတစ်ခုကို ပါဝင်ကျူးလွန်သူ တစ်စုံတစ်ဦးက စတင်၍ ထုတ်ဖော်ဝန်ခံလိုက်သောအခါ ထိုသူသည် အပြစ်ကိုစ၍ ဖော်သူအဖြစ်ဖြင့် အစိုးရ သက်သေအခွင့်အရေးကို ခံရရှိနိုင်လေသည်။ ဤသဘောကိုစွဲ၍လျှို့ဝှက်ချက်တစ်ရပ်ရပ်ကို စ၍ထုတ်သူကို ဖော်ကောင်ဟုခေါ်သည်။

------------X------------

## ဗူးထဲက ရေပါသည်

(အရင်းအနှီးထဲက စိုက်ထုတ်စွန့်လွှတ်ရသည် ၊ ရှိရင်းစွဲပါ လျော့ပါးရသည်)

ရေတောင်းသူအား အိုးထဲမှရေကိုပေး၍ မလောက်သဖြင့်ရေဘူးထဲမှ ရေကိုပေးလိုက်ရသောရသောအခါ ဘူးထဲက ရေပါသည်ဟုဆိုသည်။ ဆိုလိုရင်းမှာ သာမန်အပ ပစ္စည်းသာမက အထူးတလည်စုဆောင်းသိုမှီးထားသော မိမိ၏အရင်းအနှီးထဲကပါ ပဲ့ပါသွားခြင်းကိုဆိုသည်။ ရေဘူးကို ငှားရာ၌ ရေဘူးငှားရုံသာမက ဘူးထဲက ရေပါအဆစ်ပေးလိုက်ရသည့်သဘောလည်း ထို့အတူပင်ဖြစ်သည်။ အမြတ်အစွန်းထဲကသာမက အရင်းအနှီးထဲကပါ ပဲ့ထွက်ခြင်းကို တင်စား၍ဆိုသည်။ သုညထဲက အနှုတ်လက္ခဏာသဘောကို ထင်စေသည်။

------------X------------

## ဖွဲ့ဆော်
(အဖျားအဦး ထိပ်ဆုံးအလှည့်)

လက်ဖျားဖွဲ့ ဦးထိပ်ဖွဲ့ စသော ရစ်လည် လှည့်ပတ်သည့်အရေးအကြောင်း ဖွဲ့မျိုးမှာ အထိပ်အဖျားအထက်၌သာတည်တတ်သောကြောင်း ဖွဲ့ဟူသော စကားကို အဦးအဖျား ရှေ့ဦးရှေးထိပ်ဟူ၍လည်း မှတ်ယူသုံးနှုန်း သဖြင့် အဦးအလှည့်ကို ဖွဲ့ဆော်ဟုဆိုသည်။ (လယ်တော် ၊ ဘိတ်ဟူသော အလယ် အဆုံး သုံးစကားများလည်း ရှိသည်) ဘွဲ့မှာကား အလယ်ဘုံဟူသော အနက်ရရှိသည်။

------------X------------

## ဘရုတ်ကျသည်
(လေလွင့်နှောင့်ယှက်သည်)

ထိုစကားမှာ ဘရုသုက္ခလုပ်သည်ဟူသော စကားမှ ပေါ်လာသည်။ ရှုပ်ရှုပ်ထွေးထွေးဖြစ်အောင် နှောင့်ယှက်ခြင်း ၊ ရည်ရွယ်ချက်မရှိဘဲ လေလွင့်ကာ ပြုမူလုပ်ကိုင်ခြင်း ၊ လူမှန်းစဖွယ် ရှုပ်နှောင်စွက်ဖက်ခြင်းစသည် မနှစ်မြို့ဖွယ် လှုပ်ရှားမှု ၊နှောင့်ယှက်မှုများကိုသုံးနှုန်းသည်။ မူလစကား ဘရုသုက္ခမှာ ဗာလဥသုက (ဗာလုသုက)လူမိုက်တို့၏ အားထုတ်မှုဟူ၍ အဓိပ္ပာယ်ရှိသော စကားမှရွေ့လျှားလာသည်။

------------X------------

## ဘဝပြောင်းသည်
(သေသည် ၊ အဖြစ်ပြောင်းလဲသည်)

ဗုဒ္ဓဘာသာတို့သည် တမလွန်လောကရှိကြောင်းကို ယုံကြည်သည့်အတိုင်း သေဆုံးသောအခါ နောက်တစ်ဘဝသို့ ဝိညာဉ်ပြောင်းရွှေ့သည်ဟု ယူဆသောအဖြင့် ဝိညာဉ်ပြောင်းသည် ၊ဘဝပြောင်းသည် စသည်ဖြင့် ပြောဆိုကြသည်။ တစ်ခါတစ်ရံတွင် အဖြစ်အနေအရပ်မှ အခြားတစ်ရပ်သို့ ပြောင်းလဲခြင်း ၊ လိင်ပြောင်းလဲခြင်းစသည့် အပြောင်းအလဲကိုလည်း ဘဝပြောင်းသည်ဟုပင် ဆိုသည်။

------------X------------

## ဘုကျသည်

(မပြေမပြစ်မှုသည် ၊ အဆင်မပြေဖြစ်အောင်ဆက်ဆံမှုပြုသည်)

မိတ်ကျွမ်းပျက်သည် ၊ သစ်ပင်၏ အဆစ်အဖု အသားပြင်၏အဖုအပိန့်တို့သည် မပြေမပြစ်ခုံးခု၍နေသည်ဖြစ်ရာ ၊ ထိုအဖုကိုစွဲ၍ ပေါင်းသင်းဆက်ဆံရာ၌ မချောမွေ့ မပြေပြစ်အောင်ပြုမူတတ်သူကိုထစ်စေသည် ၊ ဘုကျသည်ဟူ၍ သုံးစွဲသည်။ သူတစ်ဦး၏ ဗီလာဆန်ပကျင်မှုပြုတတ်ခြင်းကိုလည်းကောင်း ၊ တစ်ဦးနှင့်တစ်ဦး အဆင်မပြေ ဆက်ဆံမှု မချောမွေ့ခြင်းကိုလည်းကောင်း တင်စား၍ သုံးသည်။ "ကျ" ဟူသော စကားဖြည့်စေသည်။ သဘောရောက်စေသည်ဟူသော အနက်ရှိ၍ နောက်ကျသည် ၊ တောကျသည် ၊ ဗိုလ်ကျသည် စသည်ဖြင့် တွဲဆက်သုံးနှုန်းလေ့ရှိသည်။

------------X------------

## ဘေးတီးသည်

(ဂိုင်းဝန်း အားပေးသည် ၊ စပ်ကြားမှာလော်လည် တိုက်တွန်းသွေးဆောင်သည်)

ဆန် ၊ ပဲ စသည်တို့ကို ခြင်တွယ်သောအခါ လောင်းထည့်ပြီးနောက်ပို၍ဆံ့ဝင်လေအောင် ခိုနေသော လေများထွက်သွားစေရန် တောင်းတင်းထည့်စရာတို့ကို ဘေးနှစ်ဖက် တီးရိုက်ပေးရလေသည်။ ထိုသို့ဘေးတီးခြင်းသည် ပို၍ဝင်အောင်ပြုခြင်းပင် ဖြစ်သည်။ ထိုသဘောကို တင်စား၍ တစ်ဦးတစ်ယောက်က အခြားသူတစ်ဦးတစ်ယောက် နားပါးဝင်အောင်ပြောဆိုဆောင်ရွက်ရာ၌ ထိုဆောင်ရွက်သူ အကျိုးငှား စပ်ကြားမှဝင်၍ တစ်ဖက်သူနားဝင်လွယ်လေအောင် ဖျောင်းဖျအားထုတ် သွယ်လှယ် ဆောင်ရွက်ခြင်းကို ဆိုသည်။

------------X------------

## မုတ်ဆိတ်ပျားစွဲသည်

(အခွင့်အလမ်း သာသည်)

ပျားတို့သည် ပါးစပ်နှင့် အနီးဆုံးသော မုတ်ဆိတ်သို့ လာ၍စွဲသောအခါတွင် အရံသင့် လျှာနှင့် လျက်ရုံဖြင့် စာသုံးနိုင်စရာရှိသည်ကို စိတ်ကူးရည်ရွယ်၍ "မုတ်ဆိတ်ဖျားမှာ ပျားလာ၍ စွဲလေမှ မခဲမငို ၊ မြဲရုံသာလိုသည်" စသည်ဖြင့် ဦးပုည၏ ဆဒ္ဒန်ဆင်မင်း ဝတ္ထုတွင် ဆိုသည်။ "စာရကံကြုံတော့ မုတ်ဆိတ်ပျားစွဲသည်" ဟူသောစကားပုံလည်း ရှိသည်။ တကယ်မဟုတ်သော်လည်း အကျိုးခံစားစရာအခွင့်တစ်စုံတစ်ရာ အရံသင့် ကြိုက်ကြုံဆိုက်ရောက်လာတတ်သော ကံကောင်းသည့် သူများအတွက် တင်စား၍ သုံးနှုန်းကြသည်။ (အချို့က မုတ်ဆိတ်ပျားစွဲဟူ၍ ပုံဝတ္ထု ဖော်ကြသေးသည်။)

------------X------------

## ရှိုးပြသည်

(ဝင့်ဂါသည် ၊ ဟန်လုပ်သည် ၊ ကြွားသည်)

ထိုစကားမှာ အင်္ဂလိပ်စကားဖြင့် (show)ရှိုးပင်ဖြစ်၍ ပြခြင်း ၊ ပြသခင်းကျင်းထားခြင်း ၊ ပြပွဲဟူသော အနက်ရလေသည်။ မိမိကိုယ်ကိုပေါ်လွင်အောင် ခင်းကျင်းပြသသည့် သဘောဖြင့် ဂါကြွားမှုကို တင်စား၍ သုံးသည်။ ရှိုးထုတ်သည်ဟု ဆိုသည်။

------------X------------

## ရှက်ဆေးချေသည်

(အရှက်ပြေ တုံ့ပြန်ပြုလုပ်သည်)

တစ်စုံတစ်ရာကြောင့် ရှက်ရသောအခါ မိမိအရှက်ပြေပျောက်အောင် ဆေးကြော ချေမှုန်းပစ်သည့်အနေဖြင့် တစ်စုံတစ်ရာ ရောနှော၍ အလိုက်အလျောက် ပြုမှုသည်ကို ဆိုသည်။ တစ်နည်းလည်းရှက်ရခြင်းသည် ရှက်တတ်သောဆေး ထိုးနှံသောက်မျိုထား၍ ရှက်တတ်ခြင်း ဖြစ်ဘိသကဲ့သို့ ထိုဆေးပြယ်၍ အရှက်လွင့်စင်သွားအောင် တစ်စုံတစ်ရာ ပြုလုပ်ခြင်းကို ရှက်ဆေးချေခြင်းဖြစ်သကဲ့သို့ တင်စားသုံးနှုန်းခြင်းလည်း ဖြစ်ဖွယ်ရှိသည်။

------------X------------

## ရေငုံသည်

(တစ်စုံတစ်ရာ မပြောလို၍ နှုတ်ပိတ်သည်)

နှုတ်တွင် ရေငုံထားသောအခါ ဖွင့်ဟခဲ့သော ရေဖိတ်ကျမည် ဖြစ်သဖြင့် နှုတ်ကို မဖွင့်မဟနိုင်ဘဲ ချုပ်တည်းထိန်းသိမ်း၍ ထားရဘိသကဲ့သို့ စကားမပြောရုံမက နှုတ်ကိုပင် မဖွင့်မဟကြေင်းကို တင်စား၍ ဆိုသည်။

------------X------------

## ရေတိမ်နစ်သည်

(မနစ်နာသင့်ဘဲလျက် နစ်နာခံစားရသည်)

ရေနက်ကို ကူးဖြတ်ရသောအခါ မတော်မဆ နစ်မြုပ်သေဆုံးရခြင်း ဖြစ်လွယ်လေသည်။ ရေတိမ်၌ကား နစ်မြုပ်ခြင်းဖြစ်ရန် အကြောင်းမရှိချေ။ သို့သော်လည်း တစ်ခါတစ်ရံ မမျှော်လင့်ဘဲနှင့် ရေတိမ်၌ပင် နစ်မြုပ် သေဆုံးတတ်ပေရာ တစ်စုံတစ်ယောက်မဖြစ်သင့်

မဖြစ်ထိုက်လှဘဲ တစ်နည်းတစ်ဖုံ ထိခိုက်နစ်မွန်းခြင်း ဖြစ်ရသောအခါတွင် တင်စား၍ ရေတိမ်နစ်သည် ဆိုကြသည်။

------------X------------

## ရောကျော်

(အဖွဲ့အစည်း၏ စွမ်းရည်ကိုမှီ၍ ထင်ရှားပေါ်လွင်ရသူ အရာနဲ့လျက် အစွမ်းမရှိသူ)

လူအချို့သည် မိမိတစ်ဦးချင်း၌ အရည်အချင်းမရှိသော်လည်း များနှင့် ရောနှောလိုက်ပါခြင်းဖြင့် အခြားသူ၏ ဂုဏ်အရည်အချင်းကို မှီကာ ကျော်ကြားထင်ပေါ်တတ်လေသည်။ ထိုသူမျိုးသည် လူအမျိုးမျိုး အဖွဲ့အစည်းကို မှီတွယ်ဝင်ရောက် ရောနှောတတ်၍ ထိုလူမျိုးကို ရောကျော်ဟု ဆိုကြသည်။ နေရာတကာတွင် ဝင်ရောက်သော်လည်း ပင်ကိုအရည်အချင်းမရှိသူဟု ဆိုလိုသည်။

------------X------------

## လက်ဖျားခါသည်

(အံ့ဩသည် ၊ အထူးချီးမွမ်းသည်)

လူများသည် အထူးအဆန်း အံ့ဩချီးမွမ်းဖွယ်များကို တွေ့မြင်ရသောအခါ ရင်သပ်ခြင်း ၊ လက်ဖျားခါခြင်း ၊ ပုခုန်းတွန့်ခြင်း စသောအပြုအမူများကို ပြုမူတတ်ပေရာ ချီးမွမ်းအံ့ဩဖွယ် ကောင်းသောအခါ အပြုအမူဖြင့် တင်စား၍ လက်ဖျားခါသည်ဟု ဆိုတတ်ကြသည်။

------------X------------

## လင်ကုန်ကူးသည်

(လင်မကြာခဏ ပြောင်းလဲသည်)

အိမ်ထောင်ဆက်များသည် ၊ လေလွင့်သည် ၊ ကုန်သည်များသည်ကုန်ကို ဝယ်ချည် ရောင်းချည်၊ ပြန်ဝယ်ချည် ၊ ရောင်းချည် စသည်အားဖြင့် အကြိမ်ကြိမ် အလဲအလှယ် အပြောင်းအလဲပြုသကဲ့သို့ မိန်းမတစ်ဦးသည် တစ်လင်ယူချည် စသည် လင်အဆက်ဆက် ပြောင်းလဲသည်ကို လင်ကုန်ကူးသည်ဟု တင်စားဆိုသည်။

------------X------------

## လေကျယ်သည်

(အပြောကြီးသည် ၊ ကြွားဝင့်၍ ပြောသည်)

ကြွားဝင့်ပြောဆိုတတ်ခြင်းကို ရှုတ်ချသောအားဖြင့် လေလည်သည်နှင့်နှိုင်း၍ လေလည်သံကျယ်သည်၊ လေကျယ်သည် ဟု ဆိုကြသည်၊ ပိုမိုကားချဲ့၍ အစွမ်းရှိလေဟန် ကြိမ်းပခြင်းမျိုးကိုလည်းလေကျယ်သည်ဟုပင် ဆိုကြသည်။

------------X------------

## လေဒူးလွှတ်သည်

(အသံမြည်ရုံမျှ ကြိမ်းဝါသည် ၊ ကြွားဝင့်၍ပြောသည်)

မြန်မာလက်ဝှေ့ပွဲများတွင် လက်ဝှေ့ထိုးမည့်သူများသည် ထ၍ လက်ပန်းပေါက်ခတ်ခြင်း ၊ လက်ရုံးဆန့်တန်းကာ အားဟန်ပြခြင်း ၊ လေပြင် ဒူးတိုက်ဟန်ပြုခြင်း စသည်ဖြင့် "ဗိုလ်ရှိလျှင် ယှဉ်ပြိုင်ထိုးသတ်မည် ၊ ထွက်ခဲ့လော့" စသည် ကြုံးဝါးအရေးဆိုဘိသကဲ့သို့ လက်ဝှေ့ရေး ထွက်ပြကြလာသည်။ ထိုသို့ပြုလုပ် ကြုံးဝါးကြသော်လည်း တကယ်ပွဲဆိုင်မှ ဆိုင်ကြပေသည်။ ထို့ကြောင့် လေပြင်ကို ဒူးတိုက်ပြသည့် လေဒူးလွှတ်ခြင်းမျိုးကို တင်စား၍ ဟန်ပြမျှသာကြုံးဝါးခြိမ်းခြောက်ခြင်းမျိုးကို လေဒူးလွှတ်သည်ဟု သုံးနှုန်းကြသည်။

------------X------------

## ဂါဆိုသည်

(လေးဖင့်ကြန့်ကြာသည်)

ရဟန်းတော်များသည် ဂါတွင်း သုံးပတ်လုံး မိမိတို့ကျောင်းအရပ်မှ တစ်ပါးအရပ်သို့ညဥ့်လွန်ခရီးထွက်ခြင်းမပြုဘဲ ဂါကပ်တော်မူကြသည်ကို ဂါဆိုသည်ဟူ၍ ဆိုကြလေသည်။ ထို့ကြောင့် ဂါလကိုမတိုင်မီကပ်၍ တစ်ရပ်တစ်ပါးသို့ ကြွသွားသော ရဟန်းတော်တို့သည် ဂါလကြိမ်ရာ ကျောင်းအရပ်၌ပင် ဂါကပ်တော်မူကြရ၍ ဂါလမကျွတ်မချင်း မိမိလိုရာသို့ ပြန်လည်ကြွရောက်ခြင်း မပြုနိုင်ကြတော့ပေ။ ဤအကြောင်းကိုစွဲ၍ ထွက်ခွာသွားသူ တစ်စုံတစ်ယောက်သည် ကြာရှည်လေးမြင့် ဖင့်နွှဲကြန့်ကြာနေသောအခါ "ဂါဆိုနေသည်" ဟုတင်စား သုံးနှုန်းကြသည်။

------------X------------

## ဂီခေါ်သည်

(အလွန်လည်ပတ်သည်)

(မပြတ်လှည့်လည် သွားလာတတ်ခြင်းနှင့် ပါးနပ်လည်ပတ်ခြင်းအနက် နှစ်မျိုးလုံးရသည်။)

ကျင်(ဂျင်)ကိုလှည့်ပေါက်ကစားရာ၌ ကျင်လည်သောအခါ တဂီဂီမြည်သံဖြစ်သည်ကို ဂီခေါ်သည် ဆိုကြသည်။ ၎င်းကိုစွဲ၍ အလွန်လည်ပတ်သည့်သဘောကို တင်စားလျက် ဂီခေါ်သည်ဟုဆိုကြသည်။

------------X------------

## မသိုးသက်န်း

(ညဥ့်ချင်းပြီး စီမံပြုလုပ်သောသက်န်း)

ဝါကောက်သည်မှစ၍ ဝါကြိတ် ၊ ဝါဖန် ၊ ဖိုင်းငင် ၊ ချည်ရစ် ၊ ရက်ကန်းရှည် ၊ ရက်ကန်းယက် ၊ ချုပ် ၊ဆိုး စသည်အားဖြင့် သက်န်းအဖြစ်သို့ ရောက်သည်အထိ ညဥ့်ချင်းပြီး စီမံပြုလုပ် ကပ်လှူသောသက်န်းကို ချည်စာတင်သော ကော်ရည်တို့ကို မပုပ်မသိုးမီ ပြီးစီးသည်ကို တင်စားသောအားဖြင့် မသိုးသက်န်းဟု ခေါ်သည်။ (မြတ်စွာဘုရား လက်ထက်တော်က ကုသိုယ်ဟုန်ဖြင့် ညဥ့်တွင်းချင်း ဂါစိုက်၍သီးပွင့်စေသည်ဟု ဆိုသည်။)

------------X------------

## မိုးကျရွှေကိုယ်

(မိုးပေါ်မှကျလာသူ ၊ အရပ်တစ်ပါးမှလာရောက်သူ ၊ ထူးကဲသာလွန်သူ)

လူတစ်ဦးတစ်ယောက်သည် မိမိအရပ်ဒေသ ရပ်ရွာမဟုတ်သော အခြားတစ်နေရာသို့ ရောက်ရှိသွားသောအခါ ထိုဒေသမှ လူများက ထိုသို့ တစ်ရပ်တစ်ပါးမှ ပေါ်လာသူကို ဇစ်မြစ်ဇာတိ မသိရသောကြောင့် မိုးကျရွှေကိုယ်ဟု တင်စားဆိုတတ်ကြသည်။ ပျံကျဟူ၍လည်းဆိုကြသည်။ သာမန် အချင်းချင်းထက် ပိုမိုကဲလွန်သော အရည်အချင်းရှိသောသူကိုလည်း မိုးကျရွှေကိုယ်ဟု သမုတ်၍ လူမှမွေးဖွားသောသမန်လူမျှသာ ဖြစ်ကြောင်းကို လေးနက်အောင် ဆိုလိုသောအခါတွင်မူ “မိုးကျရွှေကိုယ် မဟုတ်ပါဘူး ” ဟူ၍ပင် ဆိုကြသေးသည်။ မိုးပေါ်မှ ကျလာသူ ၊ မိုးပေါ်မှ ကျလာသော ရွှေအဆင်းရှိနတ်သား / နတ်သမီး စသည့်သဘောကဲ့သို့ ကဗျာဆန်စွာ တင်သုံးနှုန်းကြသည်။

------------X------------

## မီးထိုးသည်
(နှိုးဆော်သည်)

ရေငွေးဆူရန်အတွက်ဖြစ်စေ ၊ ဟင်းကျက်ရန်အတွက်ဖြစ်စေ ၊ မီးအားလိုသည့်အခါ မီးထိုး၍ပေးရသည်။ ထိုသဘောကိုစွဲ၍ တစ်စုံတစ်ရာပြီးမြောက်မှုအတွက် စေ့ဆော်ခြင်း ၊ အားပေးနှိုးဆော်ခြင်းတို့ကို မီးထိုးသည်ဟု တင်စား၍ သုံးနှုန်းသည်။ အပူကပ်သည်ဟူ၍လည်း သုံးသည်။

------------X------------

## သပွတ်အူလိုက်သည်
(ရှုတ်ထွေးသည်)

သပွတ်သီး၏ အူတိုက်သည် အသီးခြောက်သွေ့သောအခါ အုံးဆံမျှင်ကဲ့သို့ ရစ်ဆိုင်းလျက်ရှိသည်။ ထိုပုံစံကို ပမာပြု၍ ရှုပ်ထွေးသောကိစ္စ ၊ ရှုပ်ထွေးသောအရာတို့ကို သပွတ်အူကဲ့သို့ ဖြစ်နေသည်။ သပွတ်အူလိုက်သည်ဟု သုံးသည်။ အမေဘုတ်၏ ချည်ခင်ဖြစ်နေသည်ဟူ၍ လည်းဆိုကြသေးသည်။

------------X------------

## သပိတ်မှောက်သည်
(ဖယ်ကြဉ်သည်)

ရဟန်းတော်များသည် ဆွမ်းဘုဉ်းပေးပြီးနောက် သပိတ်ကို စင်ကြယ်အောင်ဆေးကြောကာ မှောက်၍ထားလေ့ရှိလေသည်။ သပိတ်မှောက်ခြင်းသည် နောက်တစ်နေ့ အာရုံမတက်မီအထိ နောက်ထပ် ဆွမ်းဘောဇဉ် ဘုဉ်းပေးခြင်းမပြုတော့ပြီဟူ၍ ပါဠိညာဉ်ပြုသည်နှင့် တူသောကြောင့် တစ်စုံတစ်ရာ မပြုလုပ်လိုဘဲ ငြင်းပယ်ရှောင်ကြဉ်သော ဆန္ဒပြသည့်အခါ သပိတ်မှောက်သည်ဟု တင်စား၍ဆိုကြသည်။

------------X------------

## သရေပွဲ

(အရှုံးအနိုင်မရှိသည့်ပွဲ)

(မွန်စကား) (စရာ) ။ မည်သည့်ဘက်ကမျှ အရှုံးအနိုင်မရှိ ၊ နှစ်ဖက် ခြေစွမ်းလက်စွမ်းညီ ဉာဏ်စွမ်းညီ အပြီးသတ်သော ကစားပွဲဟူသမျှကို သရေပွဲဟုခေါ်သည်။ နှစ်ဖက်ဂုဏ် သရေပျက်သော ပွဲဟုဆိုလိုသည်။

------------X------------

## သဲရေကျသည်

(အချည်းနှီး အကျိုးမထင်ဖြစ်သည်)

သဲထဲသို့ ရေလောင်းချသောအခါ ထိုရေသည်မျက်နှာပြင်ပေါ်တွင် တင်၍မနေဘဲ သဲထဲသို့ စုတ်ဝင်သွားသော သဘောရှိလေသည်။ ထိုသဘောကို တင်စား၍ တစ်စုံတစ်ခုကို ကြိုးစားအားထုတ်ရာတွင်ဖြစ်စေ ၊ ကျေးဇူးပြုရာတွင်ဖြစ်စေ ၊ အကျိုးမထင်ကျန် ၊ အရာမတင်ကျန်ဘဲ အချည်းအနှီး ဖြစ်ရသည့်အခါ သဲရေကျသည်ဟုဆိုသည်။

------------X------------

## ဟိတ်ထုတ်သည်

(ကြွားဝင့်သည် ၊ ဂုဏ်ဖော်သည်)

စာပေစီကုံးရာတွင် ပမာဏ ၊ ပဋိညာဉ် ၊ နိဒါန်း ၊ ဟိတ် ၊ ဥပမာ ၊ သက် ၊ နိဂုံး စသည်တို့ ပါဝင်လေ့ရှိရာ ရေးသားလိုရင်း ပဓာနအကြောင်းအချက် ဟိတ်အပိုင်း (ဟေတု)ကို ဖွင့်ထုတ်ရေးသားသည်ကို ဟိတ်ထုတ်သည်ဟုဆိုရာ ထိုစကားကိုစွဲ၍ မိမိအစွမ်းအစ ၊ ဂုဏ်ပကာသနကို ဖွင့်ထုတ်ကြွားဝင့်ခြင်းကို ဟိတ်ထုတ်သည်ဟု တင်စားဆိုသည်။

------------X------------

မြန်မာစာ မြန်မာစကား နှင့် ပတ်သက်သော ဗဟုသုတရစရာများကို ဆက်လက်ဖတ်ရှု သိရှိလိုပါက http://myanmarsar.zaung.net သို့ ဝင်ရောက်၍ ဖတ်ရှုနိုင်ပါသည်။

www.zaung.net
http://myanmarsar.zaung.net